အတ္တသမ္မာ ပဏိဓိစ တေံ မင်္ဂလ မုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၇)

ယနေ့ထုတ်
စောင်ရေ
၂၀၀၆၈၃

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့်အဖွဲ့အား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်ကြ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် နိုင်ငံရေးရာကော်မတီနှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလီဘောဟိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့် အဖွဲ့အား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် မြန်မာ–တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ဒေသတွင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် ချစ်ခင်ရင်းနှီးစွာဆက်ဆံရင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အာဆီယံအဖွဲ့၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များမှတစ်ဆင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု တိုးတက်မှုကိုမြှင့်တင်ရန် အတူလက်တွဲ အကောင်အထည်ဖော် လျက်ရှိသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ ပြုလုပ်ထားပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များဖြစ်ကြသော မစ္စတာကျန်ဇီမင်းနှင့် မစ္စတာဟူကျင်တောင်တို့၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်များတွင် နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများသည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ ချမှတ်ခဲ့ကြသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် လွန်စွာအားရဖွယ်ရာ ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ပြန့်စွာဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့သည့်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးမှုများပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် ဆောင်ရွက်ခဲ့သည့်အလျောက် ၂၀၀၂ခုနှစ်က နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၃၀ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ယခုအခါ နှစ်နိုင်ငံသဘောတူညီချက်များ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓမ္မာ့သီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ–တရုတ် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

မြန်မာ–တရုတ်နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင်–

“ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ဆဲနှင့် အနာဂတ်ဆောင်ရွက်ဖွယ်ရာများကို ဆွေးနွေးတင်ပြရန် ဖြစ်ကြောင်း”

ပြောကြားသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများအနက် အချို့သဘောတူညီမှုများမှာ ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ဆက်လက်ဆောင်ရွက်ဖွယ်ရာများလည်း ရှိနေသည်။ အနာဂတ်တွင်ပြုလုပ်မည့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုလည်း စနစ်တကျ လုပ်ဆောင်သွားရန် ရှိပေသည်။

သို့ဖြစ်ရာ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၁၈ ရက်က ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကို အမက (၁၂) ဗဟန်း၌ကျင်းပရာ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးစိုးလွင်၊ ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်နှင့် ဦးစီးမှူး ဒေါ်ခင်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြိတ်မြို့၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများခွဲစိတ်ပြုပြင်မှုကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၀ ရက် မွန်းလွဲပိုင်းက မြိတ်မြို့အထွေထွေရောဂါကု ဆေးရုံကြီးသို့ရောက်ရှိလာရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထောက်ပံ့ချီးမြှင့်

ရှေးဦးစွာ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆောင်ရွက်လျက်ရှိသော မွေးရာပါ ချို့ယွင်းချက်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ လူနာတစ်ဦးချင်းအား စရိတ်ငွေများကို ထောက်ပံ့ချီးမြှင့်သည်။

ထို့နောက် တနင်္သာရီတိုင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ဖိတ်ကြားထားသော တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြိတ်မြို့ အထွေထွေ ရောဂါကု ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လက်ခံ

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားပြီး မွေးရာပါ ချို့ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသရာတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအတွက် အလှူငွေများကို ပေးအပ်ရာ ခွဲစိတ်ရာတွင်သုံးစွဲသော ဆေးပစ္စည်းများအတွက် ကုန်ကျငွေ ၁၁၇၇၁၀၂ ကျပ်ကို မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့် ပြုပြင်မှုဆိုင်ရာ ခွဲစိတ်မှုဌာန ပါမောက္ခ ဒေါက်တာ ခင်မောင်လွင်ကလည်းကောင်း၊ လူနာများအတွက် စားစရိတ်ထောက်ပံ့ငွေကျပ် ၁၉၈၀၀၀ ကို တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက လည်းကောင်း အသီးသီး လက်ခံကြသည်။

ဂုဏ်ပြုလွှာများပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများခွဲစိတ်ရန်အတွက် တနင်္သာရီတိုင်းအတွင်းမှ အလှူရှင် ၁၃ ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၄၁ သိန်းကို ပေးအပ်ကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တနင်္သာရီတိုင်းအတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ရှာဖွေစုဆောင်းထားရှိသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၁၀၇ ဦးတို့အား မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိန်စည်သာသနာ့ရိပ်သာ အခြေခံယဉ်ကျေးမှုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဒဂုံမြို့သစ်(မြောက်ပိုင်း)(၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာ၏ ဒုတိယအကြိမ်မြောက် အခြေခံယဉ်ကျေးမှုသင်တန်းကို ၁၃၆၅ခုနှစ် တပေါင်းလ ဆန်း ၁၂ရက်မှ ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက်အထိ မတ် ၂ရက်မှ ဧပြီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်၍ သင်တန်းသူ သင်တန်းသားများသည် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ စာရင်းပေးသွင်းပြီး မတ် ၂ရက် မွန်းလွဲ ၁နာရီ အရောက် ကြွရောက်၍ အခြေခံ ယဉ်ကျေးမှုသင်တန်း သင်ယူနိုင်ကြောင်း သိရသည်။ (က–ပ)

ဖေဖော်ဝါရီ ၂၂ရက် က သဃ်္ဃန်းကျွန်းမြို့နယ် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ထူးချွန်ဆုချီးမြှင့်ပွဲကို အထက (၁) ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း ဆို၊က၊ ရေး၊ တီး ပြိုင်ပွဲ အရေးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲ၊ ကမ္ဘာ့ကုလသမဂ္ဂနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတို့တွင် ပထမဆု ဆွတ်ခူးရရှိခဲ့သည့် မအေးမြတ်သူ (အမက–၈၊ သဃ်္ဃန်းကျွန်း)အား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (က–ပ)

ဖေဖော်ဝါရီ၂၃ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့်အဖွဲ့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပခုက္ကူဦးအုံးဖေစာပေဆု ဆုချီးမြှင့်ပွဲအထိမ်းအမှတ် စာအုပ်အရောင်းစျေးပွဲတော်ဖွင့်လှစ်ရောင်းချ ရုပ်ရှင်ဇာတ်ကားများဖြင့် ဖျော်ဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအထိမ်းအမှတ်အဖြစ် စာအုပ်အရောင်းစျေးပွဲတော်ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ပခုက္ကူ-ရေစကြို ကားလမ်းရှိ ပြည်သာယာခန်းမရှေ့၌ကျင်းပရာ စာပေချစ်မြတ်နိုးသူ စာပေဝါသနာရှင် ရပ်ကွက်နယ်ပြည်သူများ၊ ကျောင်းသားကျောင်းသူများ စည်ကားများပြားစွာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူအားပေးကြသည်။

ခင်းကျင်းပြသ

အဆိုပါ စာအုပ်အရောင်းစျေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့က စျေးပွဲတော်လာ ရပ်ကွက်ပြည်သူများအား စာအုပ်စာပေမျိုးစုံတို့ကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသကဲ့သို့ မန္တလေးမြို့မှ စာအုပ်ဆိုင်လေးဆိုင်နှင့် ပခုက္ကူမြို့မှ စာအုပ်ဆိုင် နှစ်ဆိုင်တို့ကလည်း ဘာသာရေး စာအုပ်များ၊ သုတ၊ ရသစာပေ စာအုပ်များကို စုံလင်စွာဖြင့် ပါဝင်ခင်းကျင်းပြသရောင်းချကြသည်။

ကြည့်ရှုအားပေး

အလားတူ ပခုက္ကူဦးအုံးဖေစာပေဆု အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ရက်တို့တွင် ညစဉ်၇နာရီမှစတင်၍ ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းရှိ ဦးအုံးဖေ စာကြည့်တိုက်ရှေ့၌ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဆုရှင်များ ပါဝင်သရုပ်ဆောင်ထားသည့် အချစ်ကို မွေးဖွားခြင်း၊ နှလုံးလှလှမိုက်၊ ချစ်ခြင်း၏ အခြားတစ်ဖက်၌နှင့် ပန်းတစ်ပွင့်ကိုဖန်ဆင်းခြင်းစသည့် ရုပ်ရှင်ဇာတ်ကားများဖြင့် ဖျော်ဖြေတင်ဆက်ပြသရာ ပွဲတော်လာပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား အစ္စရေးနိုင်ငံသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaacov Avrahamy သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ထိုသို့လာရောက်တွေ့ဆုံစဉ် နှစ်နိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာကိစ္စများ တိုးမြှင့်ဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖေဖော်ဝါရီ၂၃ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများစီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။

(၂၁၀)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၂-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar Made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
- ၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၂၀ ၇။ ယူးချောင်းတံတား
- ၁၇:၃၀ ၈။ ခံစားနားဆင်တေးဇာတ်ဝင်
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success in Soccer
- ၁၉:၁၀ ၁၄။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၂၅ ၁၅။ ကြေးမုံရိပ်သွင်တေးနယည်
- ၁၉:၃၅ ၁၆။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (စစ်ချီစစ်ရေး စစ်တေးကဗျာ)(အပိုင်း-၁) (ဂီတလုလင်အကယ်ဒမီ ဦးကိုကိုနှင့် ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူများ)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဘဂ္ဂဒက်အနောက်ဘက်တွင် ကန်တပ်ဖွဲ့ဝင်များ၏ယာဉ်သုံးစီး ချုံခိုတိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်စကားပြန်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၃၀ရှိ ဟာဆွာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များစီးလာသော အရပ်ဘက်ကားသုံးစီးကို သေနတ်သမားများက စနေနေ့တွင် ချုံခိုတိုက်ခိုက်ကြသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်စကားပြန်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာနှင့် မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

စနေနေ့နံနက်ပိုင်းက အမေရိကန် မြို့ပြရေးရာ အရာရှိများသည် အမှတ်အသားမပါသော ကားများဖြင့် ခရီးသွားစဉ် ထိုသို့သေနတ်သမားများ၏ ချုံခိုတိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။

တွေ့ရှိ

သေနတ်ပစ်ခတ်သံ ကြားရကြောင်း၊ အီရတ်စကားပြန်တစ်ဦးနှင့် အမေရိကန်အစိုးရမှတ်ပုံတင်ကတ်တစ်ခုကိုတွေ့ရှိရကြောင်း၊ထိုနေရာမှ သေနတ်တစ်လက်ကိုလည်း ကောက်ရကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။ နောက်ဆုံးဖြစ်ပွားသော တိုက်ခိုက်မှုသည် ဝါရှင်တန်က အုပ်ချုပ်ရေးမလွှဲပြောင်းမီ တိုက်ရိုက်ရွေးကောက်ပွဲများကိစ္စကို ကုလသမဂ္ဂက ငြင်းပယ်ခဲ့ပြီးနောက် နိုင်ငံရေး ချောင်ထိုးခံရဆဲရှိစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွား

ထို့ပြင် အမေရိကန်အရပ်ဘက် အုပ်ချုပ်ရေးမှူးက အီရတ်တို့တောင်းဆိုသည့် လူထုဆန္ဒမဲကောက်ယူမှု မြန်မြန်ထက်ထက် လုပ်ရေးကိစ္စကို ပို၍မဖြစ်အောင်လုပ်ချိန်တွင် ယင်းသို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

ကြာမြင့်

အမေရိကန် အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အဓိကပြဿနာမှာ နည်းစနစ်ပိုင်းဆိုင်ရာဖြစ်ရာ ယင်းသည်တစ်နှစ် သို့မဟုတ် ၁၅လ ကြာမြင့်မည်ဖြစ်ကြောင်း အယ်လ်အာရေဗျရုပ်မြင်သံကြားမှနေ၍ အယ်လ်အာရေဗျဘာသာစကားဖြင့် တွေ့ဆုံခန်း၌ ပြောကြားခဲ့သည်။

(အင်တာနက်)

ကင်းလှည့်ပျံသန်း

ဖေဖော်ဝါရီ ၂၂ ရက်က ဘဂ္ဂဒက်မြို့ အယ်ဒူရာ အရပ်တွင် စက်ရုံတစ်ရုံအနီး ကင်းလှည့်ပျံသန်းနေသော အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှတပ်ဖွဲ့ဝင်များကြောင့် အီရတ်အရပ်သားများသေဆုံးခဲ့ရမှု ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန တရားစွဲဆိုခံရမည့် အလားအလာရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၂

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနသည် ဗြိတိသျှတပ်ဖွဲ့ဝင်များကြောင့် အီရတ်အရပ်သား ၁၈ ဦးထက်မနည်း သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ တရားစွဲဆိုခြင်းခံရမည့် အလားအလာနှင့်ရင်ဆိုင်နေရသည်ဟု ဂါဒီယန်သတင်းစာက ဖော်ပြလိုက်သည်။

ထိုအီရတ်အရပ်သား ၁၈ယောက် သေဆုံးရမှုသည် ဘာဆရာတောင်ဘက် အွမ်ကာဆာဆိပ်ကမ်းမြို့အနီး၌ရှိသော ဘာဂ်ကာထိန်းသိမ်းရေးစခန်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းထားသော အီရတ်ခုနစ်ဦး မသင်္ကာဖွယ် သေဆုံးမှုနှင့် သီးခြားဖြစ်သည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေး

အီရတ်တောင်ပိုင်းရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ပြုမူဆောင်ရွက်ပုံများကို ပြင်းပြင်းထန်ထန် စုံစမ်းစစ်ဆေးနေချိန်တွင် ဘာဆရာမြို့တွင်းနှင့် မြို့ပြင်၌ အရပ်သားများ သေဆုံးမှုအပြင် အကျဉ်းစခန်း၌ သေဆုံးရမှုကို စုံစမ်းစစ်ဆေးမှုများလုပ်ရန် ပါလီမန်အမတ်များနှင့် ရှေ့နေများက တောင်းဆိုခဲ့ကြရာ ဥပဒေကြောင်းအရ ဆောင်ရွက်စေမည့် ခြိမ်းခြောက်မှု ပေါ်ထွက်လာခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

အီရတ်ကိုကူညီထောက်ပံ့မည့် ငွေကြေးများသုံးစွဲရေး အဘူဒါဘီမြို့တွင် ဆွေးနွေးကြမည်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ငွေကြေးအကူအညီပေးရန်အတွက် အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာဆိုင်ရာ အေဂျင်စီများအုပ်စုသည် လွန်ခဲ့သည့်နှစ်အောက်တိုဘာလ၌ မက်ဒရစ်တွင် ညီလာခံတစ်ရပ် ကျင်းပကာ ဒေါ်လာဘီလီယံများစွာသုံးစွဲရေးကို ကတိခံခဲ့ကြသည်။

ယခုအခါ အဆိုပါအလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာဆိုင်ရာ အေဂျင်စီအုပ်စုများသည် မက်ဒရစ်ညီလာခံ၌ ကတိခံထားခဲ့သော ဒေါ်လာဘီလီယံများစွာကို မည်သို့သုံးစွဲမည်ဆိုသော ကိစ္စကို ရှေ့အပတ်၌ အဘူဒါဘီတွင် ဆွေးနွေးကြမည်ဖြစ်သည်။

အကယ်၍ ဂျပန်နိုင်ငံမှပေးသော ငွေကြေး၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်မှ ငွေကြေးအပြင် အမေရိကန်ပြည်ထောင်စုထံမှ ငွေကြေးများကို ထည့်တွက်လျှင် အီရတ်၌ ဆောင်ရွက်စရာလုပ်ငန်းပမာဏ အများအပြားရှိမည်ဖြစ်သည်ဟု အလှူငွေပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညွှန်ကြားရေးမှူး အင်ဒရူရိုလက်ဇီနော်စကီက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ဂျပန်နိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လကုန်ထိပေးမည့် ငွေကြေးအကူအညီ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ၏ အစိတ်အပိုင်းအဖြစ် စစ်ပွဲစဖြစ်သည်မှ ပြန်လည်တည်ဆောက်ရေးနှင့် လူသားချင်းစာနာသည့် အကူအညီတွင် ဒေါ်လာသန်း ၁၂၀ ခန့်သုံးစွဲထားပြီးဖြစ်သည်။ ၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၃ဒသမ ၅ ဘီလီယံကို နောက်ထပ်ချေးရန် ဂျပန်က စီစဉ်ထားပြီး အီရတ်အာဏာပိုင်များနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

အီရတ်၌ အုပ်ချုပ်ရေးလွှဲပြောင်းပေးရန်ကိစ္စ ဇွန် ၃၀ရက်မတိုင်မီ ဆောင်ရွက်နိုင်မည်မဟုတ်

တိုကျို ဖေဖော်ဝါရီ ၂၂

အီရတ်၏အနာဂတ်နိုင်ငံရေးဆိုင်ရာ အစီရင်ခံစာကို တနင်္လာနေ့၌ ထုတ်ပြန်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၌ ရောက်ရှိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ကိုဖီအာနန်သည် ဇွန် ၃၀ရက် မတိုင်မီအုပ်ချုပ်ရေးလွှဲပြောင်းပေးရန် ဖြစ်မည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

ပြောကြား

အီရတ်သို့စေလွှတ်ခဲ့သော ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာကို မိမိ လေ့လာပြီး ထောက်ခံခဲ့ကြောင်း၊ အဖွဲ့အနေဖြင့် ရှေ့တိုးတက်မှုများအတွက် အခြေခံများ ချထားသော်လည်း ဖြေရှင်းရမည့် အရေးကြီးသောကိစ္စရပ်များ ရှိသေးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးအပြီး၌ မစ္စတာအာနန်က သတင်းထောက်များကို ပြောကြားသည်။ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို နယူးယောက်တွင် မနက်ဖြန် မိမိ ထုတ်ပြန်မည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ကုလသမဂ္ဂ၏ အစီရင်ခံစာသည် အီရတ်တွင် အနာဂတ်အုပ်ချုပ်ရေးအတွက် အချိန်သတ်မှတ်ထားဖွယ်ရှိသည်။

အကြံပြုထား

ထို့ပြင် ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာသည် ယခုနှစ်ကုန် သို့မဟုတ် ၂၀၀၅ ခုနှစ် အစောပိုင်း၌ အမြဲတမ်းအစိုးရအတွက် အုပ်ချုပ်ရေး လွှဲပြောင်းရေးကိစ္စကို အကြံပြုထားဖွယ်ရှိသည်။

(အင်တာနက်)

ဖေဖော်ဝါရီ ၂၃ ရက်က ဘဂ္ဂဒက်မြို့တွင် သံချပ်ကာယာဉ်တစ်စီးဖြင့် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဦးခေါင်းချင်းဆက် ဖိလစ်ပိုင်အမြွှာ တတိယအကြိမ် ခွဲစိတ်မှုခံယူ

မနီလာ ဖေဖော်ဝါရီ ၂၂

ဦးခေါင်းထိပ်ပိုင်းချင်း ဆက်စပ်နေသော ၂၂လသားအရွယ် ဖိလစ်ပိုင်အမြွှာညီအစ်ကိုသည် တတိယအကြိမ်မြောက် အဓိကခွဲစိတ်မှုခံယူပြီးနောက် အသက်ဆက်လက်ရှင်သန်လျက်ရှိကြောင်း သိရှိရသည်။

ကလေးငယ်နှစ်ဦး သီးခြားစီ အသက်ရှင်သန်နေထိုင်နိုင်ရေးအတွက် ယခု တတိယအကြိမ်မြောက် ခွဲစိတ်မှုသည် အန္တရာယ်အများဆုံး ခွဲစိတ်မှုဖြစ်ခဲ့သည်။ ယခုခွဲစိတ်မှုတွင် ဆက်စပ်လျက်ရှိသော ကလေးငယ်များ၏ သွေးလှည့်ပတ်မှုစနစ်ကို ပင်မသွေးပြန်ကြောနှစ်ခုထံမှ အနည်းဆုံးတစ်ခုအပါအဝင် ကျန်ရှိနေသောသွေးကြောများကို သီးခြားစီခွဲထုတ်ခဲ့ကြောင်း သိရသည်။

အခမဲ့ဆောင်ရွက်ပေး

ကလေးနှစ်ဦးကို သီးခြားစီမခွဲထုတ်မီ အနည်းဆုံး ခွဲစိတ်မှုတစ်ခု ထပ်မံပြုလုပ်ရဦးမည်ဟု ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။ ယခုခွဲစိတ်မှုများကို ဆေးရုံနှင့်ဆေးဘက်ဆိုင်ရာအဖွဲ့တို့က အခမဲ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတို့၏ယာဉ်တန်းများ ဆက်လက်တိုက်ခိုက်ခံနေရ ခုခံရေးသမားများ၏ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးဒဏ်ရာရရှိ

ဖေဖော်ဝါရီ ၂၂ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်ပြောက်ကျားတစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၁ရက်က ဘဂ္ဂဒက်အဝေးပြေးလမ်းမကြီးပေါ်၌ အမေရိကန်ယာဉ်တန်းကို အီရတ်တို့က တိုက်ခိုက်ပြီးနောက် ပျက်စီးသွားသော ကားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
အီရတ်မြင်ကွင်း

ဖေဖော်ဝါရီ ၂၀ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၁ရက် က ဖော်လူဂျာမြို့၌ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၀ရက်က ခါလ်ဒီယာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ယင်းနေရာအနီးတစ်ဝိုက်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့နှင့်ပူးပေါင်းသူ အီရတ်ရဲတပ်ဖွဲ့ဝင်များအား အီရတ်ခုခံရေးသမားများ တိုက်ခိုက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးနှစ်မြို့တွင် အီရတ်ခုခံရေးသမားများက အမေရိကန်တို့နှင့်ပူးပေါင်းသူ အီရတ်ရဲအဖွဲ့ကို တိုက်ခိုက်ခဲ့ကြရာမှ တိုက်ပွဲများဖြစ်ပွားခဲ့ရာ တိုက်ခိုက်သူနှစ်ဦးသေဆုံးသွားကြောင်း ရဲအဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

တနင်္လာနေ့တွင် ဖော်လူဂျာတောင်ဘက်လမ်းပေါ်၌ အမေရိကန် စစ်ယာဉ်တန်းအနီး ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်အချို့ဒဏ်ရာရကြောင်း ပေါက်ကွဲမှုဖြစ်စဉ် အနီး၌ ရှိသော မျက်မြင်တွေ့ရှိသူ တစ်ဦးက ပြောကြားသည်။

အီရတ်မြောက်ပိုင်း မိုဆူးလ်တွင် ရဲအဖွဲ့အကြီးအကဲ၏ အိမ်ကို သေနတ်သမားများက စနေနေ့၌ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု ရဲအဖွဲ့ဗိုလ်မှူးကြီး အဗ္ဗဒူလ်အဇာလ်ဟက်ဇ်ဇင်မ်ကပြောကြားသည်။ ရဲအဖွဲ့က ပြန်ပစ်သဖြင့် တိုက်ခိုက်သူ တစ်ဦးသေပြီး အခြားတစ်ဦးဒဏ်ရာရသည်ဟု ၎င်းက တနင်္ဂနွေနေ့၌ ပြောကြားသည်။

ထို့ပြင် မိုဆူးလ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ မကြာခဏအသုံးပြုသော အဝေးပြေးလမ်းမကြီးပေါ်တွင်လမ်းဘေးဗုံးတစ်လုံး တနင်္လာနေ့က ပေါက်ကွဲမှုကြောင့် အီရတ်တစ်ဦးသေဆုံးခဲ့သည်ဟု ရဲအဖွဲ့က ပြောကြားသည်။

ပေါက်ကွဲချိန်၌ ဗုံးကို သေဆုံးသွားခဲ့သော အီရတ်က ထောင်ခြင်းဟုတ်မဟုတ်ကို ရှင်းရှင်းလင်းလင်း မသိရဟုဆိုသည်။ အီရတ်မြောက်ပိုင်းကယ်ကွတ်မြို့၌ အီရတ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဌာနချုပ်ကို လက်နက်ကိုင်များက စနေနေ့၌ တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေးအစောင့်များက ပြန်လည်ပစ်ခတ်သဖြင့် တိုက်ခိုက်ရေးသမားတစ်ဦး သေဆုံးသည်ဟု အီရတ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဒေသဆိုင်ရာ တပ်မှူးက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်တို့ထံ အုပ်ချုပ်ရေးအမြန်လွှဲပေးရန်တောင်းဆို

ဆာမာဝါ ဖေဖော်ဝါရီ ၂၂

ဩဇာတိက္ကမရှိသော အီရတ်ခေါင်းဆောင်များသည် လုံခြုံရေးအခြေအနေ တည်ငြိမ်မှုမရှိဖြစ်နေသော အီရတ်နိုင်ငံ၏ လုံခြုံရေးစံနမူနာအဖြစ် ယင်းတို့၏ ဆာမာဝါမြို့လုံခြုံရေးနှင့်ပတ်သက်၍ ဂုဏ်ယူဝင့်ကြွားကြပြီး အီရတ်တို့အား အုပ်ချုပ်ရေးအမြန်လွှဲပေးရန် တောင်းဆိုခဲ့ကြသည်။

အီရတ်နိုင်ငံ၏အခြားဒေသများတွင် တိုက်ခိုက်မှုများသည် လှိုင်းဂယက်ထလျက်ရှိသော်လည်း ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၂၇၀ အကွာရှိ ဆာမာဝါမြို့၌ လွန်ခဲ့သည့်သီတင်းပတ်က စိန်ပြောင်းဖြင့် တိုက်ခိုက်ခဲ့ပြီး ဗီဒီယိုကက်ဆက်ဆိုင် ဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရသည်မှအပ တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းမရှိဟုဆိုသည်။

(အင်တာနက်)

အီရတ်နိုင်ငံကိုကျူးကျော်ပြီးနောက်ပိုင်း ကျန်းမာရေးနှင့်ပတ်သက်၍ ကန်တို့ ဆောင်ရွက်ပေးခြင်းမရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂

အီရတ်နိုင်ငံရှိ ဆေးရုံများတွင်ကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်းနှင့် ဆေးပစ္စည်းကိရိယာ မလုံလောက်ခြင်းတို့ကြောင့် ကလေးငယ်များ သေဆုံးနေကြရသည်။

ဘဂ္ဂဒက်မြို့ရှိ ကလေးဆေးရုံကြီးတွင် မိလ္လာအညစ်အကြေးများသည် အညစ်အကြေးပိုက်မှ ပေါက်ထွက်ပြီး လမစေ့ဘဲ မွေးသောကလေးများထားရာ အဆောင်၏အမိုးပေါ်မှတစ်စက်စက်ကျနေခဲ့သည်။

ပြည့်လျှံ

သွေးကင်ဆာဖြစ်သော လူနာဆောင်တွင် ကြမ်းပြင်ပေါ်၌ ရေဆိုးများဖြင့်ပြည့်လျှံနေရာ ကူးစက်ရောဂါဖြစ်ကာ လူသေဆုံးနိုင်သည့်အလားအလာများရှိနေသည်။ ထို့ပြင် လေ့ကားများနှင့် စင်္ကြံများတွင်လည်း အမှိုက်များစုပုံနေပြီး ကလေးများ၏ခုတင်များပေါ်၌လည်း စက္ကူစုတ်များဖြင့် ပွကြဲနေသည်ဟုဆိုသည်။

လုပ်ပေးခြင်းမရှိ

ဖော်ပြပါ အခြေအနေတို့သည် အီရတ်ကို အမေရိကန်တို့ သိမ်းထားမှုအောက်ရှိ အီရတ်နိုင်ငံ၏ အစစ်အမှန် ဘဝအခြေအနေများပင်ဖြစ်သည်။ ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားပြီးနောက် ၁၀ လကြာသည့် ယနေ့အချိန်ထိ သာမန်အီရတ်ပြည်သူတို့၏ လူနေမှုဘဝ အသွင်ပြောင်းရန်ရှိသည်ဟု ယူဆသော်လည်း အယ်လ်အစ္စကန် ကလေးဆေးရုံကြီးအတွက် ဘာမျှလုပ်ပေးခဲ့ခြင်းမရှိပေ။ **(အင်တာနက်)**

စောင့်ကြပ်

ဖေဖော်ဝါရီ ၂၂ ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များလက်ချက်ဖြင့် သားဖြစ်သူ သေဆုံးခဲ့ရပုံ ဖခင်ဖြစ်သူက သတင်းစာတစ်စောင်အား ရင်ဖွင့်ပြောကြား

ဘာဆာရာ ဖေဖော်ဝါရီ ၂၃

ဘာဆာရာရှိ အီဘင်အယ်လ်ဟေသမ်ဟိုတယ်ကို ဗြိတိသျှတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလအလယ်ပိုင်း အရုဏ်တက်ချိန်၌ ဝင်ရောက်စီးနင်းခဲ့ကြပြီး ဘာဟာမူဆာနှင့် အခြားဟိုတယ်အလုပ်သမားခြောက်ဦးကို ကြမ်းပေါ်၌လှဲချနိုင်းပြီး လက်များကို သူတို့ခေါင်းပေါ်၌ တင်ထားနိုင်းခဲ့ကြသည်။

တပ်ဖွဲ့ဝင်များသည် ဟိုတယ် တစ်ခုလုံးကို မွှေနှောက်ရှာဖွေကြပြီးနောက် ဟိုတယ်အမှုထမ်းများကို ဖမ်းဆီးပြီး အီရတ်တောင်ပိုင်း ဘာဆာရာရှိ ၎င်းတို့၏ အခြေစိုက်စခန်းရှိရာသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ၎င်းတို့ကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ပြန်လွှတ်ပေးလိုက်ပြီးနောက် လေးရက်အကြာ၌ ဘာဟာသေဆုံးသွားခဲ့သည်။

ဖခင်ဖြစ်သူ ဒါအွတ်မူဆာသည် ဗြိတိသျှတပ်ဖွဲ့၏ ရင်ခွဲရုံသို့ရောက်လာခဲ့ပြီး သူ၏သားကို ရှာဖွေခဲ့သည်။

တွေ့ရှိ

ဘာဟာ၏အလောင်းကို ဖုံးအုပ်ထားသော ပိတ်စအား ဖယ်ရှားလိုက်သည့်အခါ ဘာဟာ၏နှာခေါင်းမှာဆိုးဆိုးရွားရွားကျိုးနေသည်ကို ဖခင်ဖြစ်သူ ဒါအွတ်မူဆာ တွေ့ခဲ့ရသည်။

ဒဏ်ရာရ

ဘာဟာ၏ နှာခေါင်းနှင့်ပါးစပ်မှ သွေးများထွက်နေကြောင်း၊ လက်ကောက်ဝတ်နေရာမှ အရေပြားမှာလည်း စုတ်ပြဲနေကြောင်း၊ နဖူးနေရာမှ အရေပြားမှာလည်း လန်နေပြီး မျက်လုံးအိမ်အောက်ဘက်၌ အရေပြားမှာလည်း မရှိတော့ကြောင်း၊ ဝဲဘက်ရင်အုံနှင့် သူ၏ဝမ်းဗိုက်ပေါ်တွင် ပွန်းပဲ့သောဒဏ်ရာများ ရထားကြောင်း၊ ဘာဟာ၏ ခြေထောက်၌ ကန်ကျောက်ခြင်းခံထားရသော ဒဏ်ရာများကို တွေ့ရကြောင်း ဖခင်ဖြစ်သူ ဒါအွတ်မူဆာက ပြောကြားသည်။

ထိုးကြိတ်ခဲ့

စစ်ဆေးမေးမြန်းခြင်းခံရသော အခြားဟိုတယ်အမှုထမ်းနှစ်ဦးကလည်း နှစ်နေ့နှင့်နှစ်ည ၎င်းတို့မည်သို့ထပ်ခါတလဲလဲထိုးကြိတ် ကန်ကျောက်ခြင်း ခံရပုံကို ဂါဒီယန်သတင်းစာအား ပြန်လည်ပြောပြခဲ့သည်။

အသက်မသေဘဲ ကျန်ရှိသူတစ်ဦးမှာ ပြင်းပြင်းထန်ထန် ရိုက်နှက်ခြင်းခံရခြင်းကြောင့် ကျောက်ကပ်ပျက်စီးခဲ့ရသည်။ **(အင်တာနက်)**

စီးရီးအေယှဉ်ပြိုင်

ဖေဖော်ဝါရီ ၂၁ ရက်က အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အေစီမီလန်နှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

(ယင်းပွဲတွင် အေစီမီလန်က သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ–အင်တာနက်)

နှစ် ၂၀၀၀ က ရှုံ့ရုပ်စစ်သည်များနှင့် မြင်းရုပ်တုများ တရုတ်နိုင်ငံ၌နည်းသစ်ဖြင့် မွမ်းမံထိန်းသိမ်းနိုင်ပြီ

ပေကျင်း ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံ၏ အကျော်ကြားဆုံးနှင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှု အရှိဆုံးနေရာတစ်ခုဖြစ်သော ရှီအန်းပြတိုက်မှ ရွှံ့ရုပ်စစ်သည်တော်များနှင့် မြင်းရုပ်များကို နည်းသစ်ဖြင့် မွမ်းမံထိန်းသိမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

နစ်မြုပ်နေ

တရုတ်နိုင်ငံအနောက်ပိုင်း ရှန်ဇီပြည်နယ်ရှိ အဆိုပါရုပ်တုများကို ချင်မင်းဆက်လက်ထက်၌ ထုလုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်းနှစ်ထောင်ခန့် မြေအောက်၌ နစ်မြုပ်နေခဲ့ခြင်းကြောင့် အရောင်အသွေးများပြယ်နေပြီဖြစ်သည်။

ကာကွယ်နိုင်

အဆိုပါ သက်ရှိအရွယ်အစားရှိ သမိုင်းဝင်ရုပ်ထုများအနက် ၁၀ ခုကို သုတေသီများက နည်းသစ်စမ်းသပ်အသုံးပြုခဲ့ရာ အရောင်လွင့်ပြယ်မှုကိုဟန့်တားနိုင်ပြီး အစိုဓာတ်နှင့် အခြားအကြောင်းများကြောင့် ပျက်စီးမှုများကိုလည်း ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

(စီစီတီဗွီ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Dr.Klaus Peter Wild အမှူးပြုသော European Union°(EU) နိုင်ငံများမှ သံအမတ်ကြီးများအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီးယူနိုင်ငံများမှသံအမတ်ကြီးများအားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Dr.Klaus Peter Wild အမှူးပြုသော European Union°(EU) နိုင်ငံများမှ သံအမတ်ကြီးများအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✡ နိုင်ငံတော်မှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ကျေပွန်စွာထမ်းဆောင်သွားမည်

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတော်က ကူညီပံ့ပိုးရေးတို့ကို တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့နိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရှေ့နိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂)ကိုထုတ်ဝေဖြန့်ချိလိုက်ရာအဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ညည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့်သတင်း၊ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပသည့်သတင်း၊ ညီညွတ်မှုကို အရင်းတည်၊ စိန်မြင့်(ရွှေချည်ထိုး)၏ ပြည်ရွာအနှံ့ပြည်ကျိုးဖြန့်၊ သန်းထွန်း(စကု)၏ စည်းလုံးညီညွတ်ရေးကိုရည်ညွှန်းသည့် တိုင်းရင်းသားစကားပုံများ၊ တက္ကသိုလ်မြတ်သူ၏ အဘယ်ကြောင့်(၇)၊ မောင်ဆုရှင်၏ကျေးဇူးတရား၊ ချစ်နိုင်(စိတ်ပညာ)၏မြင့်မြတ်သောအတွေးကို သေးငယ်သောအလုပ်များဖြင့် လက်တွေ့ဖော်ထုတ်ရသည်၊ စန်းနီလာဝင်း၏ အချိန်နှင့်အမျှ၊ ညွှန့်ဟံ(ကြူတော)၏ လေလွင့်မှုကိုကာကွယ်ခြင်း၏တန်ဖိုး၊ ချောင်းဆုံအုန်းသွင်၏ တန်ဖိုးသိမှမြတ်နိုးမည်၊ မောင်ကျေးဇူး၏ ကိုယ်ထိလက်ရောက်လှုပ်ရှားဆောင်ရွက်မှု အနုပညာ၊ မောင်မောင်စိုးသက်၏ ဖွံ့ဖြိုးတိုးတက်နေသည့် မင်းကုန်းကျေးရွာမြင်ကွင်းစသည့်ဆောင်းပါးများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာဖော် ပြပါရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးမှူးဖွင့်လှစ်သည့် အရာရှိအဆင့်သင်တန်းအမှတ်စဉ်(၁/ ၂၀၀၄)ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးမှူးဖွင့်လှစ်သည့် အရာရှိအဆင့်သင်တန်းအမှတ်စဉ်(၁/၂၀၀၄)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်၉နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အဖွင့်အမှာစကားပြောကြားရာ၌ သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်မှာ ဗဟိုဘဏ်ရှိ ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဌာနအသီးသီးရှိ လုပ်ငန်းဆောင်ရွက်မှုများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပိုမိုသိရှိနားလည်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင် ပြီး လုပ်ရည်ကိုင်ရည်မြင့်မားလာစေရန်၊ ပြည်တွင်းဘဏ်လုပ်ငန်း၊ နိုင်ငံခြားဘဏ်လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများအား လေ့လာကျယ်ပြန့်စွာသိရှိခြင်းဖြင့် စွမ်းဆောင်ရည် တိုးမြင့်စေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မျက်မှောက်ကာလမှာ နည်းပညာများအံ့မခန်းပြောင်းလဲနေပြီး သတင်းအချက်အလက်နည်းပညာမှာလည်း အလွန်တိုးတက်နေခြင်းကြောင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးလာရန် မရှိမဖြစ်လိုအပ်ကြောင်း၊ နိုင်ငံတော်မှ တရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ စည်းမျဉ်းစည်းကမ်းများ ညှိနှိုင်းရေးဆွဲနေဆဲဖြစ်ကြောင်း၊ အရာထမ်းများအနေဖြင့် ယင်းဥပဒေကို နားလည်သဘောပေါက်ထားရန်နှင့် လိုက်နာကျင့်သုံးရန်၊ ဘဏ်များအပေါ် ကြီးကြပ်ရာတွင်လည်း ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာစိစစ်ရန်လိုအပ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ရက်သတ္တပတ်ခြောက်ပတ်ကြာသင်တန်းသို့ သင်တန်းသား ၂၈ ဦး တက်ရောက်လျက်ရှိသည်။ **(သတင်းစဉ်)**

သင်္ဘောသားအသက်အာမခံလျော်ကြေးငွေကျပ်သိန်း ၅၀ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း သင်္ဘောသားအသက်အာမခံလျော်ကြေး ငွေကျပ်သိန်း ၅၀ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် သင်္ဘောသားအလုပ်အကိုင်ရှာဖွေရေးနှင့် ကြီးကြပ်ရေးအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးများ၊ လျော်ကြေးလက်ခံရယူသည့် အကျိုးခံစားခွင့်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီးနောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးဝင်းက သင်္ဘောသားအသက်အာမခံလျော်ကြေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကွယ်လွန်သူသင်္ဘောသားဦးသော်တာမင်း (စီဒီစီ–အမှတ် ၄၀၅၅၇)၏ အကျိုးခံစားခွင့်ရှိသူမိခင်ဒေါ်မြင့်မြင့်အား လျော်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးအပ်သည်။ ယင်းနောက် လျော်ကြေး လက်ခံရယူသည့် ကွယ်လွန်သူ၏မိခင်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ္မတူမြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန အခြေခံလုပ်ငန်းခွင်သင်တန်းဆင်းပွဲ သတ္တုတွင်းဒုတိယဝန်ကြီး တက်ရောက်၊ သတ္တုတွင်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်တွင် နမ္မတူမြို့၌ကျင်းပသော သတ္တုတွင်းဝန်ကြီးဌာန အခြေခံလုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများ၊ စံပြဆုရရှိသော သင်တန်းသားတို့အား ဒုတိယဝန်ကြီးက ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆက်လက်၍ နမ္မတူမြို့ရှိ ခဲ၊ သွပ်သန့်စင်ကျိုချက်စက်ရုံများသို့သွားရောက်ပြီး အသစ်တည်ဆောက်ပြီးစီးသွားသည့် (၂)စတုရန်းမီတာ လေပြင်းမီးဖိုဖြင့် ဒုတိယကင်ပိန်းလည်ပတ်ရန် ကြိုတင်ပြင်ဆင်နေမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ခဲချော်များမှ သွပ်အောက်ဆိုက်ထုတ်လုပ်မည့် မြန်မာ့အထွေထွေအထိပ်ကုမ္ပဏီ၏ စက်ရုံအသစ်သို့သွားရောက်ပြီး စက်ရုံလည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်တွင် စံလောင်းကျောက်မီးသွေးတွင်းသို့ရောက်ရှိပြီး ဘိလပ်မြေစက်များအတွက် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သီပေါ ဂေါဒန်ကျောက်သို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ ထုတ်လုပ်မှုအခြေအနေများတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက ဂေါဒန်ကျောက်မှာ ဘိလပ်မြေထုတ်လုပ်မှုအတွက် မရှိမဖြစ်လိုအပ်သော ပစ္စည်းတစ်ခုဖြစ်သည့်အလျောက် တိုးတက်လာသောဘိလပ်မြေစက်ရုံများအတွက် ဂေါဒန်ကျောက်များ ရေရှည်ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ မှာကြားပြီး လုပ်ကွက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၁)သံမဏိစက်ရုံသို့ရောက်ရှိပြီး သံမဏိများ ကျိုချက်သွန်းလောင်း၍ သံမဏိတုံးများထုတ်လုပ်နေမှုကိုလည်းကောင်း၊ သံမဏိလုံးကြိတ်စက်ဖြင့်သံမဏိလုံးများထုတ်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံစိမ်း၊ သံမဏိနှင့်အထူး သံမဏိများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အစီအစဉ်များကို ချမှတ်ဆွေးနွေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)တွင် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ဆေးဝါးစက်ရုံ(ပြင်ဦးလွင်)ကို အဆင့်မီစက်ရုံဖြစ်အောင်တည်ဆောက် ပြည်သူလူထုအားကိုးယုံကြည်သည့် ဆေးဝါးများထုတ်လုပ်

✻ နိုင်ငံတော်မှ

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဒေါက်တာကျော်မြင့်က အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်ပြေးညီဆောင်ရွက်ရာ၌ အထက်မြန်မာပြည်တွင်ဖြစ်ပွားသော ရောဂါများနှင့် ကျန်းမာရေးပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်ရန် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ကို ထူထောင်ခြင်းဖြစ်ကြောင်း ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၏ တည်နေရာ၊ ဖွဲ့စည်းတည်ထောင်ရသည့် ရည်ရွယ်ချက်များ၊ ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံနှင့်ခန့်ထားပြီးစီးမှု၊ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ သုတေသနဌာနခွဲ ၁၀ ခု ဖွဲ့စည်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပရဆေးပင် အမျိုးပေါင်း ၄၄၉ မျိုး စနစ်တကျ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အထက်မြန်မာပြည်တွင် အဖြစ်များသော ရောဂါများကို သုတေသနပြုလုပ်ရာ၌ အလေးထားသင့်သည့်အချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ပုံစံငယ်ကို ကြည့်ရှုပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စာအုပ်ခန်း၊ ဇီဝဆေးပညာ စာကြည့်တိုက်၊ စာဖတ်ခန်းနှင့် အီလက်ထရွန်နစ် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အနီးစခန်းလေယာဉ်ကွင်းကို ၇၃၇-၄၀၀ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သောကွန်ကရစ်ခင်းပြေးလမ်းအဖြစ်တိုးချဲ့ရန်စီစဉ်

ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် ပရဆေးပင်များကို စုဆောင်းထိန်းသိမ်းခြင်း သုတေသနလုပ်ငန်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ သုတေသနလုပ်ငန်းများနှင့် မျိုးဆက်ပွားကျန်းမာရေး သုတေသနလုပ်ငန်း၊ လူမှုရေးဆေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဆေးဝါးစက်ရုံစီမံကိန်း (ပြင်ဦးလွင်)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်) တည်နေရာနှင့် အကျယ်အဝန်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ စက်ရုံအတွက် စက်ပစ္စည်းများဝယ်ယူရေး စီစဉ်ဆောင်ရွက်ထားရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက စက်ရုံအတွက် ရေ၊ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်များ၊ စက်ရုံတည်ဆောက်ပြီးစီးပါက ဆေးပြား၊ ဆေးတောင့်၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်များ ထုတ်လုပ်သွားနိုင်မည့်အခြေအနေများ၊ စွန့်ပစ်ရေဆိုးများကို အန္တရာယ်ကင်းစေရန် သန့်စင်ပြီးမှစွန့်ပစ်ရန် စီစဉ်ထားမှုများ၊ အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆေးဝါးစက်ရုံ (ပြင်ဦးလွင်)ကို ပြည်သူလူထု အားကိုးယုံကြည်သည့် ဆေးဝါးများထုတ်လုပ်နိုင်သော အဆင့်မီစက်ရုံဖြစ်အောင် တည်ဆောက်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

စစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)၏ တည်ဆောက်ပြီးအဆောက်အအုံများနှင့် စက်ပစ္စည်းများတပ်ဆင်ရန် လျာထားသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အနီးစခန်းလေယာဉ်ကွင်းသို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အနီးစခန်းလေယာဉ် ကွင်း၏ သမိုင်းအကျဉ်း၊ မူလလေယာဉ်ပြေးလမ်းနှင့် တိုးချဲ့ရန် စီစဉ်ထားမှုနှင့် လေယာဉ်ကွင်းပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (လေယာဉ်ကွင်း)ဦးထွန်းပေါ်က အနီးစခန်းလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့နိုင်ရေးအတွက် လေ့လာတိုင်းတာမှုများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးအေးသိန်းက အနီးစခန်းလေယာဉ်ကွင်းအနီး စီးဆင်းလျက်ရှိသည့် ချောင်းများနှင့် ရေကြောင်းလွှဲပြောင်းနိုင်ရန် စီစဉ်နိုင်သည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကိုမှာကြားပြီး အနီးစခန်းလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးသည်။

အနီးစခန်းလေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းမှာ အလျားပေ ၄၄၅၀ နှင့် အကျယ် ပေ ၂၀၀ ဖြစ်ပြီး ကျောက်ရောမြေကြီးကွင်း အမျိုးအစားဖြစ်သည်။

တိုးချဲ့ရန်

အဆိုပါ လေယာဉ်ပြေးလမ်းကို ၇၃၇-၄၀၀ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သော ဘိလပ်မြေကွန်ကရစ်ခင်းပြေးလမ်းအဖြစ် တိုးချဲ့သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အနီးစခန်း လေယာဉ်ကွင်းယာယီရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သွင်းကုန်အစားထိုးအိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသော သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ-၂၀၀၄ကို စတုတ္ထနေ့အဖြစ် ယနေ့ နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးပေါ်ရှိ ယင်းဦးစီးဌာန ရုံးချုပ်ဝင်းအတွင်း၌ ဆက်လက်ခင်းကျင်းပြသသည်။

အဆိုပါ ပြပွဲတွင် ဓာတုအင်ဂျင်နီယာ ကုန်ထုတ် သမဝါယမအသင်း၊ သတ္တုအင်ဂျင်နီယာ ကုန်ထုတ် သမဝါယမအသင်းတို့မှ ထုတ် လုပ် သော သွင်းကုန် အစားထိုးပစ္စည်းများ ခင်းကျင်း ပြသထားသည်။ ထို့အပြင် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်း၊ မှတ်ပုံတင် စက်မှုလက်မှုလုပ်ငန်းများမှလည်း သွင်းကုန်အစားထိုး သစ်သားထည် လုပ်ငန်းသုံး ပစ္စည်းများ၊ စားသောက်ကုန်လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်၊ ဘရိတ်ဒရမ်များ၊ ဖလိုင်းဝှီးများ၊ တာယာပန်းတင်ခြင်းများ၊ မော်တော်ယာဉ်ကားမှန်များ၊စက်မှုဇုန်အသီးသီးမှ ထုတ်လုပ်သော မော်တော်ကားမျိုးစုံကိုလည်းကောင်း၊ဂုဏ်ထူးဆောင်စက်မှုလက်မှုလုပ်ငန်းမှ သွင်းကုန်အစားထိုး လျှပ်စစ်မီးပူနှင့်လျှပ်ကာ ပစ္စည်းအမျိုးမျိုးတို့ကိုလည်းကောင်းခင်းကျင်းပြသထားရာ လာရောက်ကြည့်ရှုမေးမြန်း လေ့လာသူများနှင့် အထူးစည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

ပြပွဲတွင် ပြသထားသော စက်ပစ္စည်းများ ထုတ်လုပ်ပုံနှင့် လည်ပတ်သုံးစွဲပုံများအား ပရိဂျက်တာဖြင့် သရုပ်ပြပွဲကို အဆိုပါဦးစီးဌာန၏ဆွေးနွေးပွဲခန်းမ၌ ယနေ့နှင့် ဖေဖော်ဝါရီ ၂၄ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ဆန်းစစ်ကြောင်းမှပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန (၅၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းပေးအပ်

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဦးအေးသန့် (Prime Boss Co., Ltd.)က အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်း

ယနေ့အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင် ၆၄ ဦးတို့က အလှူငွေနှင့်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၇ သိန်း ငါးသောင်းကျော် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၃ ရက်က ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ အနှစ်(၂၀)မြောက် အမျိုးသားနေ့ ညစာ့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံသံအမတ်ကြီး H.E. Pehin Dato Haji Hussin Bin Haji Sulaiman နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပဲခူးရွှေမော်ဓောစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၅-ဖြဲခု တန်ခူးလဆန်း ၁၀ရက် (မတ်၃၀)ရက်မှ တန်ခူးလပြည့်ကျော် ၄ ရက် (ဧပြီ ၈ ရက်)အထိ ၁၀ရက် တိုင်တိုင်ကျင်းပမည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲအတွက်မြေနေရာများကို ဖေဖော်ဝါရီ၂၈ရက်တွင်လည်းကောင်း၊ဈေးဆိုင်နေရာများကို မတ်၁၄ရက်တွင် လည်းကောင်း နံနက်၁၀နာရီတွင် ဂေါပကအဖွဲ့ရုံး၌လေလံတင်ရောင်းချမည်ဖြစ်ရာ အသေးစိတ် အချက်အလက်များကို ဂေါပကရုံးတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သားငါးပွံ့ဖြိုး ပြည့်အကျိုး

အောင်မြင်သည့် ဆလုံရိုးရာပွဲတော်

ဦးမောင်မောင်စိုးတင့်

(အငြိမ်းစားသံအမတ်ကြီး)

နီပြာဝါစိမ်း အရောင်သန်းနေတဲ့ မီးပန်းများ ကောင်းကင်သို့ ပျံတက်သွားပြီး ပင်လယ်ပြာနဲ့ ကျွန်တော်တို့တစ်တွေထိုင်နေကြတဲ့ သဲသောင်ပြင်ပေါ်ကို ဖြာကျလာပါတယ်။ မီးပုံးပျံများကိုလဲ တစ်လုံးပြီးတစ်လုံး ကောင်းကင်ယံထက်သို့ လွှတ်တင်ကြတယ်။ ပင်လယ်ကမ်းစပ်မှာ ကျင်းပတဲ့ မီးပုံပွဲမှာ လူတိုင်းပါဝင်ပျော်ရွှင်ကြတယ်။ သောင်ပြင်မှာ စောင့်မျှော်နေကြတဲ့ ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် လူထုကြီးက တစ်ခဲနက် လက်ခုပ်တီးသြဘာပေးပြီး ကြိုဆိုကြပါတယ်။ ၁၅-၂-၂၀၀၄ ရက်နေ့ ညမှာ ကျွန်တော်တို့တစ်တွေ ဆလုံရိုးရာပွဲတော်မှာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ မြိတ်ကျွန်းစု ဗိုလ်ချုပ်ကျွန်းပေါ်ရှိ မကြူဂလက်ရွာ ပင်လယ်ကမ်းစပ်မှာ ကျင်းပတဲ့ ဆလုံရိုးရာပွဲတော်ရဲ့ ညချမ်းအလှနဲ့ အတွေ့အကြုံဟာ လာရောက်သူတိုင်းရဲ့ရင်မှာ စွဲမြဲကျန်ရစ်စေခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ဒီညမှာ ဆလုံအိမ်အတိုင်း တည်ဆောက်ထားတဲ့ တည်းခိုဆောင်များမှာ တည်းကြပါတယ်။ တဲအောက်က လှိုင်းရိုက်ခတ်သံနဲ့ ပင်လယ်ပြင်ကို ဖြတ်တိုက်လာတဲ့ လေအေးရဲ့အရသာခံပြီး အိပ်စက်ကြပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ကျယ်ပြန့်လှတဲ့ကောင်းကင်ကြီး၊ ပင်လယ်ပြင်ကြီးနဲ့အတူ တစ်စပ်တည်း ဖြစ်သွားပါတယ်။ သဘာဝကြီးနဲ့အတူ လွတ်လပ်မှုကို ခံစားလိုက်ရပါတယ်။ လောဘ၊ ဒေါသ၊မောဟတို့မှ လွတ်မြောက်သွားသလိုပါပဲ။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားဆွေမျိုး ဆလုံတို့ရဲ့ ဘဝနှင့်စိတ်ထားကို နားလည်သွားပါတယ်။

သူတို့ရဲ့ဘဝဟာ ပင်လယ်အဏ္ဏဝါကြီးပါပဲ။ ပင်လယ်မှာ မွေးဖွားရှင်သန်ကျက်စားနေထိုင်ပြီး ဒီပင်လယ်ပြင်မှာပဲ သေဆုံးကြတယ်။ ပင်လယ်ကြီးက သူတို့ဘဝ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးတယ်။ ဒါကြောင့် သူတို့မှာ လိုအင်ဆန္ဒ လောဘနည်းကြပါတယ်။ ကဗန်းလှေပေါ်မှာ မိသားစုလိုက် နေထိုင်ကြပြီး ပင်လယ်ပြင်ကြီးအတွင်း အနှောင်အဖွဲ့ကင်းစွာနဲ့ လွတ်လပ်စွာ သွားလာလှုပ်ရှားကြပါတယ်။ သူတို့အဖို့ နေအိမ်တိုက်တာများ၊ ယာဉ်များ၊ ရုပ်ဝတ္ထု၊ စည်းစိမ်ချမ်းသာများ မလိုအပ်ပါ။ ပင်လယ်အဏ္ဏဝါကြီးက အားလုံး ပေးထားပါတယ်။သူတို့တန်ဖိုးထားတဲ့ Values များကို ကျွန်တော်သဘောပေါက် လေးစားပါတယ်။

ပင်လယ်နဲ့ ရေသတ္တဝါများအကြောင်းကို ခေတ်မီစက်ကိရိယာ မပါဘဲ နားလည်တတ်ကျွမ်းတဲ့သူတို့ရဲ့ပညာကိုလဲ လေးစားပါတယ်။နိုင်ငံအတွက်များစွာ အသုံးဝင်နိုင်ပါတယ်။ ဒီအတတ်ပညာကို သူတို့ရဲ့ ဘဝမြှင့်တင်ရေးနဲ့ နိုင်ငံရဲ့ စီးပွားတိုးတက်ရေးအတွက် အသုံးပြုနိုင်ဖို့ လေ့ကျင့်ပျိုးထောင်ပေးရ ပါလိမ့်မယ်။

ကျွန်တော်တို့ငယ်စဉ်က ဆလုံတိုင်းရင်းသားများအကြောင်းကို ပုံပြင်ပမာနားထောင်ခဲ့ရ၊ ဖတ်ခဲ့ရပါတယ်။ ခုလိုမျက်ဝါးထင်ထင် ကိုယ်တိုင်မြင်တွေ့ရတာကြောင့် အထူးပင်ဝမ်းသာကြည်နူးမိပါတယ်။ တိုင်းရင်းသားမိတ်ဆွေအပေါင်းကိုလဲ ကျွန်တော်တို့လို သွားရောက်တွေ့မြင် ဝမ်းသာကြည်နူးကြစေလိုပါတယ်။ ဒီလိုဆွေမျိုးသားချင်း ဆလုံတိုင်းရင်းသားတွေရဲ့ဘဝနဲ့ နောင်ရေးကို တွေးတောစဉ်းစားရင်း ပင်လယ်လှိုင်းခတ်သံနဲ့အတူ အိပ်ပျော်သွားပါတယ်။

နောက်တစ်နေ့ ၁၆-၂-၂၀၀၂ ရက်နေ့ နံနက် ၈ နာရီမှာ ဆလုံရိုးရာပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျွန်တော်တို့ တပျော်တပါး တက်ရောက်ကြပါတယ်။ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ရဲ့ အဖွင့်အမှာစကားတွေကို နားထောင်ရင်း ကျွန်တော် ဝမ်းသာအားရဖြစ်ပြီး စိတ်အားတက်ကြွနေပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ဆန္ဒနဲ့ စိတ်ကူးတွေကို ထင်ဟပ်ပြောကြားသွားကြပါတယ်။ ဆလုံတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ ယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးချဲ့ရေး၊ ဒေသ၏မြေပြင်ရေပြင်ထက်အောက်ရှိ သယံဇာတအရင်းအမြစ်များ ကြွယ်ဝချမ်းသာပုံနဲ့ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများကို ပြောကြားသွားကြပါတယ်။ တက်ရောက်သူအားလုံး ပျော်ရွှင်ဝမ်းသာနေကြပါတယ်။ အခမ်းအနားအပြီးမှာ ဧည့်သည်တော်များ၊ ကမ္ဘာလှည့်ခရီးသည်များဟာ ဆလုံတိုင်းရင်းသားတွေနဲ့ တပျော်တပါး ခင်မင်ရင်းနှီးစွာ ကကြပါတယ်။ ပျော်ရွှင်ဝမ်းသာမှုဟာ အားလုံးဆီကို ပျံ့နှံ့ သွားပါတယ်။ Thai-Myanmar, Cultural and Economic Cooperation Association (TMCECA)° မှ အတွင်းရေးမှူးချုပ်လဲ ပါဝင် ကပြပါတယ်။ ဆလုံရိုးရာပွဲတော်ဟာ မျှော်မှန်းတာထက် ပိုပြီး အထူးပင် အောင်မြင်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှေ့နှစ်မှာ ဆလုံပွဲတော်ကို ဒီထက်ခမ်းနားစည်ကားအောင် လုပ်မယ်လို့ပြောပါတယ်။ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်လဲ အားရပြုံးရွှင်နေပါတယ်။ ကျွန်တော်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ကို လက်ဆွဲနှုတ်ဆက်ပြီး "ဗိုလ်ချုပ်၊ ဒီဆလုံပွဲတော်ကို စိတ်ကူးရပြီး အောင်မြင်စွာ ကျင်းပပေးနိုင်တာကို ဂုဏ်ပြုချီးကျူးပါတယ်"လို့ ဝမ်းသာအားရ ပြောမိပါတယ်။ ဒီလို နိုင်ငံတော်ကကြီးမှူးပြီး ပထမဦးဆုံးသော ဆလုံရိုးရာပွဲတော်ကိုမထင်မှတ်ဘဲ မကြူဂလက်ရွာမှာ ဖြစ်မြောက်အောင်မြင်အောင် တာဝန်ရှိသူများက ဦးဆောင် စီစဉ်ကျင်းပပေးတာကို အများကိုယ်စား ဝမ်းသာ ဂုဏ်ပြုကျေးဇူးတင်ရပါတယ်။ ပွဲတော် စလယ်ဆုံးအနီးကပ်ကြီးကြပ်ပေးတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနဲ့ ဒေသဆိုင်ရာအာဏာပိုင်များ၊ အရာထမ်းဝန်ထမ်းများ၊မိတ်ဆွေများအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ရှေ့နှစ်မှာလဲ ခုလိုပဲ ပြန်လည်ဆုံတွေ့လိုပါတယ်။

ကျွန်တော်တို့ ကော့သောင်းကနေ ဗိုလ်ချိုကျွန်း မကြူဂလက်ရွာဆီကို မော်တော်ဘုတ်နဲ့အသွားမှာ ကျွန်းပေါင်းမြောက်မြားစွာကို တွေ့မြင်ခဲ့ရပါတယ်။ မြိတ်ကျွန်းစုမှာ ကျွန်းပေါင်း ၈၀၀ကျော် ပါဝင်ပါတယ်။ ကျွန်းကြီးတစ်ကျွန်းဆိုရင် စင်ကာပူနိုင်ငံထက် ပို၍ကြီးမားကြောင်း သိရပါတယ်။ တချို့ကျွန်းတွေက နယူးဇီလန်နိုင်ငံလိုပါပဲ။ သဲသောင်ပြင်လဲရှိတယ်၊ မြေပြန့်တဲ့နေရာလဲ ရှိတယ်၊ တောင်တန်းလဲရှိတယ်။ တချို့က ဘာလီကျွန်း၊ တဟီတီကျွန်းတို့နဲ့ ဆင်ပါတယ်။ ဒီလို သဘာဝအရင်းအမြစ်မျိုး နိုင်ငံအများစုမှာမရှိပါဘူး။ ကျွန်တော်တို့မှာ လူအင်အားအရင်းအမြစ်လဲ အဆင်သင့်ရှိပါတယ်။ မဖြစ်မနေဖွဲလုံ့လကျွမ်းကျင်မှု၊ အရင်းအနှီးတို့နဲ့ ပေါင်းစပ်လိုက်ရင် စင်ကာပူနဲ့နယူးဇီလန်နိုင်ငံမြို့ပြတွေလို ဖြစ်နိုင်ပါတယ်။ ဘာလီနှင့် တဟီတီကျွန်းတွေလိုလဲဖြစ်လာနိုင်ပါတယ်။ နည်းလမ်းနှင့်နမူနာတွေက ရှိပြီးသားပါ။ ကောင်းတာသုံးပြီး မသင့်တာပယ်ရုံပါပဲ။

မြန်မာ့ပင်လယ်ပြင်ကြီးက ကျွန်တော်တို့ကို လာလှည့်၊ ရှုလှည့်၊ အသုံးပြုလှည့်လို့ ဖိတ်ခေါ်၊ စိန်ခေါ်နေပါတယ်။ ကျွန်တော်တို့ဟာ ဆလုံတိုင်းရင်းသားတွေရဲ့ အတွေ့အကြုံနဲ့ကျွမ်းကျင်မှုကိုလဲ အားပြုနိုင်ပါတယ်။ သူတို့ဟာ မြန်မာပင်လယ်ပြင်ကြီးကို ခေတ်အဆက်ဆက် ချစ်ခင်မြတ်နိုးစွာ စောင့်ရှောက်ထားကြပါတယ်။

ပထမဦးဆုံးသော ဆလုံရိုးရာပွဲတော်ကရရှိတဲ့ စိတ်ဓာတ်နဲ့ နိုင်ငံတော်ကြီးပွားတိုးတက်အောင် ဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။ သမိုင်းကို လေ့လာကြည့်ရင် ပင်လယ်ပြင်ကို စွန့်စားသွားလာပြီး ကုန်ကူးသန်းရောင်းဝယ်တဲ့နိုင်ငံတွေ၊ ပင်လယ်ပြင်ကို ကြီးစိုးနိုင်တဲ့နိုင်ငံတွေဟာ တိုးတက်ချမ်းသာပြီး ရှေ့တန်းရောက်နေတာကို တွေ့ရပါမယ်။ ကျွန်တော်တို့လဲ ပင်လယ်ပြင်ဘက်သို့ စိတ်ပါဝင်စားမှုနဲ့ လုပ်ငန်းများတိုးချဲ့ကာ ဒေသများတည်ထောင်ရန် စဉ်းစားလုပ်ဆောင်ဖို့ အချိန်တန်ပြီဖြစ်ပါတယ်။ ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်ကြည်ညို၊ တိုင်းရင်းသားကျေးရွာလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်၈နာရီ၁၅မိနစ်က ရွှေတိဂုံစေတီတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ဒုတိယ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့် သာသနိက အဆောက်အအုံများ အကြောင်းကို ရှင်းလင်းပြသကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်ဧည့်သည်တော် ဒုတိယ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုညကုသလ ဗဟုကရအသင်း တန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ရခိုင်တန်ဆောင်း၌ ဒုတိယဥက္ကဋ္ဌ လော်ဟောက်ဆိုင်က စေတီတော်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။

အမှတ်တရဓာတ်ပုံရိုက်

ယင်းနောက် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အောင်မြေမှ စေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြပြီး သာယာဝတီမင်း လှူဒါန်းခဲ့သည့် ခေါင်းလောင်းတော်အား ကြည့်ရှု လေ့လာကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲ တွင် သာကေတမြို့နယ်ရှိ ရန်ကုန်-သန်လျင်တံတားသို့ ရောက်ရှိကြရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယ ဥက္ကဋ္ဌနှင့်အဖွဲ့အား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေက သန်လျင်တံတားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(အပေါ်ဝဲပုံ)

ယင်းနောက် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ရန်ကုန်-သန်လျင်တံတားကို မော်တော် ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

တိုင်းရင်းသားကျေးရွာ

ထိုမှတစ်ဆင့် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ရန်ကုန်-သန်လျင်တံတားအနီးရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ပြည်ထောင်စုကျေးရွာ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဧည့်ခံဖျော်ဖြေ

ယင်းနောက် ဧည့်သည်တော် ဒုတိယ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ ဗမာရွာမှ ဗမာတိုင်းရင်းသားရိုးရာ ရုပ်သေးအကနှင့် ကရင်ရွာမှ ကရင် တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအကတို့ဖြင့် ဧည့်ခံ ဖျော်ဖြေကြသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ဖြူးရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကပါဝင်သော လုပ်ငန်းကဏ္ဍများအဖြစ် ကျောက်ဖြည့်တမံ တည်ဆောက်ခြင်း၊ ရေလွှဲဥမင်လိုဏ် တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ရေသောက်စနစ်တည်ဆောက်ခြင်းဟူသော ကဏ္ဍငါးရပ် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

မြေပြင်တိုင်းတာမှု

ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲအနေဖြင့် မြေပြင်တိုင်းတာမှုလုပ်ငန်းများ၊ မြေဆီလွှာတိုင်းထွာမှုများနှင့် လူမှုစီးပွားရေးစစ်တမ်းကောက်ယူခြင်းများကိုလည်းကောင်း၊ ဇလဗေဒဌာနခွဲမှ ဇလဗေဒအချက်အလက်များကို တိုင်းတာခြင်းဖြင့်လည်းကောင်း၊ ဆည်မြောင်း ဘူမိဗေဒဌာနခွဲကလည်း ဖြူးရေလှောင်တမံတည်ဆောက်ရန် လျာထားသည့်နေရာ၌ ဘူမိဗေဒစူးစမ်းလေ့လာမှုများကို ပဏာမစူးစမ်းလေ့လာပြီးနောက် အသေးစိတ်စူးစမ်းလေ့လာမှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြသည်။

ပုံစံရေးဆွဲ

ထိုနည်းတူစွာပင် ဆည်မြောင်းဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲအနေဖြင့် ၁၉၆၃ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော စူးစမ်းလေ့လာမှု အချက်အလက်များအပေါ် အခြေခံ၍ လည်းကောင်း၊ လက်ရှိတိုင်းတာရရှိသော အချက်အလက်များအပေါ် အခြေခံ၍ လည်းကောင်း ဒီဇိုင်းပုံစံများ တွက်ချက်ရေးဆွဲလျက်ရှိသည်။

ရေလွှဲဥမင်

ဖြူးရေလှောင်တမံတည်ဆောက်ရာဒေသမှာ တောတောင်များ ထူထပ်သောဒေသဖြစ်ရာ ဖြူးချောင်းမှစီးဆင်းလာသည့် ချောင်းရေကို တောင်ကိုဖောက်၍ ရေလွှဲနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ဖြူးချောင်းရေလွှဲဥမင်ကို အရှည် ၂၄၉၃ ပေ (၇၆၀ မီတာ) ရှည်လျားမည်ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ဆောင်ရွက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံ၊ခပေါင်းရေလှောင်တမံစီမံကိန်းအရတည်ဆောက်နေသော ရေလွှဲဥမင်လိုဏ်များတွင် ရဲနွယ်နှင့်ခပေါင်းဥမင်လိုဏ်တို့မှာ ပေအရှည် ၁၂၀၀သာရှိကြရာ ရဲနွယ်ရေလွှဲဥမင်လိုဏ်ခေါင်းသည် တိုးလျှိုပေါက် ပေါက်သွား၍ ခပေါင်းရေလှောင်တမံဥမင်လိုဏ်မှာလည်း တိုးလျှိုပေါက်ရန်အနည်းငယ်သာလိုတော့သည်။

အချိန်ယူရမည်

ဖြူးရေလှောင်တမံ ဥမင်မှာ နှစ်ဆခန့်ရှည်သောကြောင့် လုပ်ငန်းရာသီနှစ်ရာသီခန့် ကြာရှည်အောင် တည်ဆောက်ဖောက်လုပ်ကြရမည်ဖြစ်သည်။ ဖြူးချောင်းရေလွှဲဥမင်မှာ အဖြောင့်တူးဖောက်ခြင်းမဟုတ်ဘဲ အကွေ့အကောက်ပါဝင်သောကြောင့် လုပ်ကိုင်ရာတွင် လက်ဝင်သောကြောင့် ပိုမိုအချိန်ယူကြရကြောင်း သိရသည်။

ကျောက်ဖြည့်တမံ

ဖြူးရေလှောင်တမံကို စတင်စီမံစဉ်က ကွန်ကရစ်တမံတည်ဆောက်ရန်ရည်ရွယ်ခဲ့ပြီး အောက်ခံမြေသားကို စမ်းသပ်ရာ၌ ကွန်ကရစ်တမံဆောက်ရန် မရနိုင်ကြောင်း စမ်းသပ်တွေ့ရှိရသောကြောင့် ကျောက်ဖြည့်တမံတည်ဆောက်ရန် ပြောင်းလဲဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျောက်ဖြည့်တမံတည်ဆောက်ရန် စီစဉ်ခြင်းကြောင့် ရေလွှဲဥမင်မှာ လိုအပ်သောကြောင့် ရေလွှဲဥမင်ကို ဦးစားပေးစတင် ဖောက်လုပ်လျက်ရှိသည်။ ကွန်ကရစ်တမံ တည်ဆောက်နိုင်ခဲ့လျှင် ကွန်ကရစ်တမံကိုဖောက်၍ ရေလွှဲခြင်း၊ရေပိုလွှဲကိုလည်း ကွန်ကရစ်တမံမှပင် လွှဲနိုင်သော်လည်း အောက်ခံမြေသားခံနိုင်ရည်အား မရှိသဖြင့် ကျောက်ဖြည့်တမံတည်ဆောက်ရသောကြောင့်ရေပိုလွှဲကိုသီးခြားတည်ဆောက်ပေးရခြင်းနှင့် ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်းများ ပိုလာသည်။

ဖြူးရေလှောင်တမံ လုပ်ငန်းခွင်မှာ တောတောင်များအတွင်း တည်ဆောက်ရခြင်းဖြစ်သောကြောင့် သွားလာရေးမှအစ အခက်အခဲများရှိသည်။ လုပ်ငန်းခွင်လမ်းများဖောက်ရာ၌လည်း ခက်ခက်ခဲခဲဖောက်လုပ်ကြရသည်။ တောရှင်းသောအလုပ်ကိုပင် အားထည့်လုပ်ကိုင်ကြရသည်။

ဖြူးရေလှောင်တမံကို ဖြူးချောင်းပေါ်တွင် အလျားပေ ၁၀၂၀ (မီတာ ၃၁၀)၊ အမြင့် ၂၄၅ ပေ(၇၄ ဒသမ ၇ မီတာ)ရှိ ကျောက်ဖြည့်တမံကို တည်ဆောက်ပြီးအုတ်တွင်းမြို့နယ်နှင့် ဇေယျဝတီမြို့နယ်အတွင်းရှိ လယ်မြေဧက ၁၂၀၀၀၀ ခန့်ကို ရေပေးဝေစိုက်ပျိုးနိုင်ရန်နှင့် ရေအားလျှပ်စစ် ၃၂မဂ္ဂါဝပ်ထုတ်လုပ်ပေးမည်ဖြစ်သည်။

ဖြူးရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၄၂၂ မိုင်ရှိမည်ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏကပေ ၆၃၂၅၃၀ ရှိမည်ဖြစ်၍ ကန်ရေပြည့်ရေပြင်ကျယ်သည် ဧရိယာဧက ၁၄၅၇၀ ရှိမည်ဖြစ်သည်။ ရေလွှဲဥမင်အမျိုးအစားသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး မြင်းခွာပုံစံ အချင်း ၁၃ပေ လေးမီတာအရွယ်အစား ရေလွှဲဥမင်ကို တည်ဆောက်လျက်ရှိသည်။

ဖြူးရေလှောင်တမံ ရေလွှဲဥမင်လိုဏ်အဝင်ဘက် ဖောက်လုပ်ခြင်းလုပ်ငန်းကို ဤသို့ဆောင်ရွက်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မောင်အောင်)

ရေလွှဲဆည်

ဖြူးရေလှောင်တမံနှင့် ပူးတွဲအလုပ်လုပ်ရန် အလျား ၁၁၅ ပေ၊ အမြင့်ပေ ၂၀ ရှိသော သံကူကွန်ကရစ်အမျိုးအစား ရေလွှဲဆည်ကို တည်ဆောက်ရန် ဆည်ရေသောက်ဧရိယာသို့ ရေလွှတ်ပေးရန်စီစဉ်ထားကြောင်း သိရသည်။ ဆည်ရေသောက် စနစ်အရ ၄၃မိုင်ရှည်လျားသော တူးမြောင်းမကြီးဖောက်လုပ်ရန် အလျားမိုင် ၂၀ ရှိ လက်တံမြောင်းများမှတစ်ဆင့်မြောင်းခွဲများဆောက်လုပ်၍ ရေဖြန့်ဖြူးမည်ဖြစ်သည်။

ဖြူးချောင်းသည် ရေဝင်အားကောင်းသည့်အလျောက် သတ်မှတ်ထားသည့် RL-၄၆၀ ကန်ရေပြည့်ရေလှောင်ပမာဏသို့ ရောက်ရှိလျှင် ရေပိုလွှဲမှရေများ လွှဲနိုင်ရန်အတွက် သံကူကွန်ကရစ်(Ogee Type)ပေ ၁၀၀ အကျယ်ရှိသော ရေပိုလွှဲကို တည် ဆောက်၍ ရေပိုများလွှဲနိုင်ရန် စီမံချက် ချမှတ်ထားသည်။

စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးမှု စီမံကိန်းအရ စစ်တောင်းမြစ်အရှေ့ဘက်တွင် မုန်းချောင်းတမံ၊ ကင်းသာတမံ၊ ရေဆင်းတမံ၊ ပေါင်းလောင်းတမံ၊ ပသီတမံ၊သောက်ရေခပ်တမံ၊ဘောဂရတမံ၊ ရွှေကျင်တမံတို့ရှိ၍ အနောက်ဘက်တွင် ဆင်သေတမံ၊ ငလိုက်တမံ၊ ချောင်းမကြီး(ပျဉ်းမနား)တမံ၊ ရန်အောင်မြင်တမံ၊ လယ်ဝေးတမံ၊ ချောင်းမငယ်တမံ၊ သဲဖြူတမံ၊ ချောင်းမကြီး (မြို့လှ)တမံ၊ ဆွာချောင်းတမံ၊ ပန်းဘဲတမံ၊ပေါင်းလောင်းတမံ၊ ခပေါင်းတမံ၊ ရေသွယ်တမံ၊ ဘုန်းကြီးတမံ၊ မင်းရဲတမံ၊ငမြွေတမံ၊ ဖြူးချောင်းတမံ၊ ကွန်ချောင်းတမံ၊ ရဲနွယ်တမံ၊ ဘိုင်းဒါးတမံ၊ ကောလိယတမံ၊ဘောနီတမံ၊ ပျဉ်ပုံကြီးတမံ၊ ဓောင်းတူရေလွှဲဆည်၊ မဇင်းတမံ၊ ဇလပ်ထော်တမံစသော ဆည်အစုအဖွဲ့များတည်ဆောက်၍ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်လျက်ရှိသည်။

ဖြူးရေလှောင်တမံ စီမံကိန်းကို အရှိန်အဟုန်ဖြင့် သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လယ်မြေဧက ၁၂၀၀၀၀ ခန့်ကို ရေပေးဝေစိုက်ပျိုးနိုင်ရေးနှင့် ရေအားလျှပ်စစ် ၃၂မဂ္ဂါဝပ်ကို ထုတ်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးစီးပွား တိုးရန်သာရှိသည်။ ဖြူးရေလှောင်တမံ တည်ဆောက်အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်းပေါင်း ၉၉၉၉သန်းဖြင့် ၂၀၀၆ ခုနှစ်တွင် အပြီးဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ ဖော်ယူရရှိသည့် အရည်အသွေးကောင်း ပုလဲလုံးရေတစ်သိန်းကျော်အား ဝန်ကြီးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ပြည်ပဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ ယခုနှစ်အတွင်း ဖော်ယူရရှိသော အရည်အသွေးကောင်းမွန်သည့် ပုလဲလုံးရေ ၁၁၇၁၂၄ အား ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ခင်းကျင်းပြသရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့လာရောက်ကြည့်ရှုစစ်ဆေးရာ(အပေါ်ပုံ) **မြန်မာ့ပုလဲထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။**

ထို့နောက် ဝန်ကြီးက အရည်အသွေးကောင်းမွန်သော မြန်မာ့ပုလဲများ ဖက်စပ်ကုမ္ပဏီများနှင့်ပူးပေါင်း၍ တိုးမြှင့်ထုတ်လုပ်ရေး၊ နောင်လာမည့်နှစ်တွင် ယခုနှစ်ထက်ပိုမိုထုတ်လုပ်နိုင်ရေး၊ ရရှိသောပုလဲများအား ဈေးကွက်ဝင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ပုလဲများအရေအတွက် ပိုမိုထုတ်လုပ်ရေး၊ ကမ္ဘာ့ပုလဲဈေးကွက်တွင် မြန်မာ့ပုလဲ မျက်နှာပန်းပွင့် ထိုးဖောက်ဝင်ရောက်နိုင်ရေးစသည်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ ပြသထားသည့် ပုလဲလုံးရေ ၁၁၇၁၂၄ မှာ အလေးချိန် ၅၂၉၆၅ ဒသမ ၅ မိုမိဖြစ်ပြီး ယူရိုငွေခြောက်သန်းတန်ဖိုးရှိသည်။ မြန်မာတာဆာကီကုမ္ပဏီလီမိတက်အနေဖြင့် လာမည့်နှစ်တွင် ပုလဲကို ယခုထက်ပိုမိုဖော်ယူနိုင်မည်ဖြစ်သည်။

အဆိုပါ ဖော်ယူရရှိသည့်ပုလဲလုံးများကို လာမည့် မတ် ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဖြူးရေလှောင်တမံ တည်ဆောက်ရာတွင် လွယ်ကူအဆင်ပြေစေရန် တောတောင်များကို ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် အကွေ့အကောက်လမ်းများ ဖောက်လုပ်ထားသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မောင်အောင်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာအနီးရှိ နွေစပါးပန်းတိုင်အထွက် နှုန်းရရှိရေးအတွက် အထူးဇုန် ဧက ၁၀၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

သဘာဝမြေဩဇာ အစားထိုးအသုံးပြုမှု အောင်မြင်နေမှုများ တောင်သူလယ်သမားများ အသုံးချနိုင်ရေး ပညာပေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်သို့ သွားရောက်ပြီး စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာအနီးရှိ နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး အထူးဇုန်ဧက ၁၀၀၀ စိုက်ခင်းသို့ ရောက်ရှိလာရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာအနီးရှိ နွေစပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၁၀၀၀ ၌ စပါးတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် ယူရီးယားဓာတ်မြေကြီဩဇာလျှော့ချပြီးသဘာဝမြေဩဇာများ အစားထိုးအသုံးပြုထားသည့် နွေစပါးစမ်းသပ်ကွက် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကိုလည်းကောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်လုပ်သည့်သဘာဝမြေဩဇာများဖြစ်သည့် ကြံမှုပ်ချေးသဘာဝမြေဩဇာ၊ အားဖြည့်သဘာဝမြေဩဇာ၊ ဇီဝစူပါအရွက်ဖျန်းမြေဩဇာ၊ ကျောက်မှုန့်နှင့် ဇီဝမြေဩဇာနှင့် EM သဘာဝမြေဩဇာများကို ဒေသခံတောင်သူလယ်သမားများအလွယ်တကူ ဝယ်ယူနိုင်ရန် နယ်လှည့်အရောင်းဆိုင်ဖြင့် ရောင်းချနေမှုအခြေအနေများကို လည်းကောင်း၊ လယ်ယာမြေထွက်ကောက်ရိုးမြေဆွေးသဘာဝမြေဩဇာများ ပြုလုပ်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးဆောင်ဆန်းက လိုက်လံရှင်းလင်းပြသသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စပါးတစ်ဧက စိုက်ပျိုးထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေး၊ သဘာဝမြေဩဇာအစားထိုးအသုံးပြုမှုအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဒေသခံတောင်သူလယ်သမားများ အကျိုးရှိစွာအသုံးချနိုင်ရေးမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိဆင်းပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ကျွန်းငူလျှပ်စစ်မြစ်ရေတင် စီမံကိန်းရေသောက်ဧရိယာအတွင်း နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပင်မရေမြောင်းများ၌ လျှပ်စစ်မြစ်ရေတင်မှ ရေပေးသွင်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စိုက်ပျိုးရေပေးသွင်းနေမှုအခြေအနေများနှင့် နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား စိုက်ပျိုးရေ အချိန်မှန်ပေးသွင်းရေး၊ ရေမြောင်းများ ခိုင်ခံ့စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ကုက္ကိုဝမြစ်တစ်ဖက်ကမ်း ဘောလယ်ကျွန်းရှိ လမုတန်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိလာပြီး ရေသောက်ဧရိယာအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးထားရှိမှု၊ ရေမြောင်းများ ထိန်းသိမ်းပြုပြင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကုက္ကိုဝမြစ်ကမ်းမှ လမုတန်း–ကျူတောအထိ ကျေးရွာချင်းဆက်လမ်း ရာသီမရွေးသွားလာနိုင်ရန် ပွင့်လင်းရာသီတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအပြီး ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကျွန်းငူလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး နွေစပါးခင်းများသို့ ကုက္ကိုဝ မြစ်ရေတင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့ စည်ပင်သာယာ ဈေးသစ်တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဈေးဆိုင်ခန်းများ ဆောက်လုပ်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၁ ရက်က သဃ်န်းကျွန်းအမှတ် (၈) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ငါးနှစ်ဆက်တိုက်ပထမ၊ မြို့နယ်ဘက်စုံပထမဆု၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ တိုင်းအဆင့် စန္ဒရား ဒုတိယဆုရ မသင်းမြတ်နိုးအား ဆုချီးမြှင့်စဉ်။ (က–ပ)

အမေအသက်ရှည်ရေး

* သားရာကျော် အမေမွေးပေမယ့်
မအိုသေးအားမာန်အပြည့်
ဒို့အမိမြန်မာ၊
မိုးရွာလို့နေပူ
လေပူတွေဖော့ကာယမ်းပေမယ့်
မနားတမ်း
မခမ်းစေတနာနဲ့
သည်းချာတွေဝလင်မှု
ပြုစုလျက်ပါ။

* ဒီအမေ
သက်တမ်းကမ္ဘာမြေသို့
နှစ်ကြာရှေ(ရှည်)
တည်နေဖို့အရေး၊
ကြံတွေးရည်ဆောင်လို့
ညီနောင်တွေတစ်စိတ်တစ်ဝမ်း
ကြိုးပမ်းစို့လေး။ ။

ပျိုလွှား

မြဝတီရုပ်မြင်သံကြား

၂၆–၂–၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း၊

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း၊

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Memory 2 (ပထမနှစ်စိတ်ပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း–၁၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု၊
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း–၁၃)

ဖေဖော်ဝါရီ ၈ ရက်က အမှတ် (၁၀၅) ၂၃ လမ်း လသာ မြို့နယ် "စင်းလုံ" အဖွဲ့က အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန လမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)အသင်းရုံးသို့ လှူဒါန်းရာ အုပ်ချုပ်ရေးမှူးက လက်ခံရယူစဉ်။ (က–ပ)

24-2 (12).p65 1 3/25/05, 7:10 PM

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မြို့နှင့် ကောင်စီဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ မြစ်ကြီးနားခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းမှု အခြေအနေများနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် တာဝန် ရှိသူများက ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် အမျိုးသမီးရေးရာ အဖွဲ့များ တိုးချဲ့ဖွဲ့စည်းမှု လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဆက်လက် ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်းနှင့် တာဝန်ရှိသူများက အသင်းဖွဲ့စည်းပုံနှင့် လုပ်ငန်းဆိုင်ရာများကို အသီးသီး ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်မှူးကြီးခင်လတ်(ငြိမ်း)-ဒေါ်ခင်ခင်ဝင်း မိသားစု(နီလာဝင်းအထည်ချုပ်စက်ရုံ) ရန်ကုန်က ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် ၁၆ သိန်း တန်ဖိုးရှိ အဝတ်အထည်များကို အလှူရှင်များ(ကိုယ်စား)ပြည်နယ်စီမံကိန်း ဦးစီးဌာန ဦးစီးမှူးဦးသာဒိုးက ပေးအပ်လှူဒါန်းရာ တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့က လက်ခံရယူသည်။

လှူဒါန်းငွေ

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀ သိန်းနှင့် နော့သင်းစတားသယံဇာတထုတ်လုပ်ရောင်းဝယ်ရေးကုမ္ပဏီက လှူဒါန်းငွေကျပ် ၁၄ သိန်း အပါအဝင် အလှူရှင်အသီးသီးမှ စုစုပေါင်း ငွေကျပ် ၁၃၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာညီလာခံမှ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသည့်(၇)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မလေးရှားနိုင်ငံ အခြေခံစက်ရုံများ ဝန်ကြီးဌာနသို့ သွားရောက်၍ ဝန်ကြီး Dr. Lim Keng Yaik နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ သစ်တောကဏ္ဍ သစ်အခြေခံ စက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကွာလာလမ်ပူမြို့ရှိ ပင်ပစိဖိတ် ဟိုတယ်၌ကျင်းပသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်သည်။ ယင်းအစည်းအဝေးတွင် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dato Sri Mohd Najib Tun Adbul Razak က အဖွင့်မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲများကို သိပ္ပံနည်းကျ အကဲဖြတ်မှု၊ နည်းပညာပူးပေါင်းဖလှယ်လွှဲပြောင်းပေးမှု၊ ဇီဝအရင်းအမြစ်များ ထုတ်လုပ်သုံးစွဲရာမှ ပေါ်ပေါက်လာသည့် အကျိုးရလဒ်ကို ညီမျှစွာ ခွဲဝေခံစားရေး၊ ဇီဝမျိုးစုံမျိုးကွဲများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူမှုစီးပွားတိုးတက်မှုများတွင် အရေးပါပုံ၊ နိုင်ငံအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့တည်ထောင်ထားရှိမှု၊ သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မလေးရှားနိုင်ငံတွင်ရှိနေစဉ် အတွင်း ပင်ပစိဖိတ်ဟိုတယ်၌ ထိုင်းနိုင်ငံသဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနဝန်ကြီး Mr. Prapat Panyachatraksa နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံနယ်စပ်တစ်လျှောက် သဘာဝနယ်မြေများထူထောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၆၃၁) တွင် မီးသတ်ဆေးဘူးအသုံးပြုပုံကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုနှင့်ရောင်းချမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၃၁)၊ (၀၆၁၂)၊ (၀၆၀၂) နှင့် ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲတို့သို့ သွားရောက်ပြီး စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှု၊ ရောင်းချနေမှု အခြေအနေများကို စစ်ဆေးခဲ့သည်။

လုံခြုံရေးသတိ

ဝန်ကြီးအား တာဝန်ရှိသူတို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစနစ်၊ မီးဘေးစီမံချက်၊ လုံခြုံရေးစီမံချက်တို့ကိုတင်ပြပြီး မီးငြိမ်းသတ်ရေးလေ့ကျင့်မှုကို လက်တွေ့ရှင်းလင်းသရုပ်ပြရာ ဝန်ကြီးက မီးသတ်ဆေးဘူးအသုံးပြုမှုကို ဝန်ထမ်းအားလုံးလေ့ကျင့်ထားရန်၊ မီးသတ်ဆေးဘူးများကိုလည်း အမြဲစစ်ဆေးပြီး ဖြည့်တင်းထားရန်၊ မီးဘေးနှင့်လုံခြုံရေးအတွက် အလှည့်ကျစနစ်ဖြင့် တာဝန်ချထားရန်၊ ဆိုင်ဝန်းကျင်နှင့် ဆီအတင်အချဆိပ်ကမ်းဝန်းကျင်တို့တွင် အမှိုက်သရိုက်လောင်စာများမရှိအောင် အမြဲ ရှင်းလင်းထားရှိရန်၊ လုံခြုံရေးသတိအမြဲရှိကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အထက သုဝဏ္ဏကျောင်း၌ နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသူ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ပြုလုပ်ရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ဦးတင်အောင်က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်စဉ်။ (၀၅၂)

ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မလှိုင်မြို့နယ် ရွှေပေါက်ကျွန်း သာသနာပြုစခန်းမှကျေးဇူးရှင်ရွှေပေါက်ကျွန်း ဆရာတော်ကြီး၏ ဩဝါဒနှင့် အညီ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုမာရအား အမှူးပြု၍ ရွှေပေါက်ကျွန်းဥပဋ္ဌာကအဖွဲ့က အကြိမ်(၂၀) မြောက် 'တဝစေတီ' ဗုဒ္ဓပူဇနိယပွဲတော်၊ (၂၃)ကြိမ်မြောက် သံဃာတော်အပါး ၃၀၀ ကံထပ်ပွဲတော်နှင့်(၃၃)ကြိမ်မြောက် တပေါင်းပွဲတော်တို့ကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း၁၃၊၁၄ လပြည့်နေ့နှင့်လပြည့်ကျော် (၁)ရက်နေ့များတွင် ဝိဇယကာရီ ပဒေသာကပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲများဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဟာသဂျာနယ် အတွဲ(၂)၊အမှတ်(၃၀)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မောင်ဝဏ္ဏ၏ မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏ တစ်ခါတည်းကာတွန်းဇာတ်လမ်း အပါအဝင် ဆရာကြီး ကာတွန်းဦးဖေသိန်း၊ ဆရာသာဂဒိုး၊ ဆရာလဒ၊ ကာတွန်းမြင့်သိန်း၊ မောင်နေမျိုး၊ သံလျင် မောင်မောင်ဦး၊ ဆြာကြီးထိန်၊ ကာတွန်း တွတ်တွတ်၊ ဇာမှူး၊ တေးသံရှင် ကြည်အောင်၊ ကာတွန်း မြင့်စိုးလေး၊ ဧပရယ်၊ နန္ဒာစိုး (ဆင်ဖြူကျွန်း)၊ ကိုအောင်ငွေသိန်း၊ ကျော်ဇောဟိန်း (ဒေါပုံ)တို့၏ ဟာသအတွေးအရေး ရုပ်ရှင်သဘင် ရသများဖြင့် 'ဟာသ' ဂျာနယ် အတွဲ (၂)၊ အမှတ်(၃၀)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉)ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဃိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယB.A)သည် ရှမ်းပြည်နယ် ဖယ်ခုံမြို့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်ထိလည်းကောင်း၊ မိုးဗြဲမြို့၌ မတ် ၅ ရက်မှ ၉ ရက်ထိလည်းကောင်း၊ လွိုင်ကော်မြို့၌ မတ် ၁၀ ရက်မှ ၁၆ ရက်ထိလည်းကောင်း ဖော်ပြပါမြို့များရှိ မိုးကုတ်ရိပ်သာများတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နွေရာသီကရာတေးဒို သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်သူလူထုအတွင်းကရာတေးဒို အားကစားနှင့် ပတ်သက်၍ အသိအမြင်များ ဖွံ့ဖြိုးတိုးတက်လာရေး၊ လူငယ်ထု၏ နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်များတွင် ကရာတေးဒို အားကစားနည်းကို လေ့ကျင့်လိုက်စားခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် နိုင်ငံတကာ ကရာတေးဒိုပြိုင်ပွဲများအတွက် အလားအလာရှိသောမျိုးဆက်သစ်ကရာတေးဒို အားကစားလူငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၀၄ ခုနှစ် နွေရာသီ ကရာတေးဒို အားကစားနည်း သင်တန်းကို မတ်၁၅ရက်မှ ဧပြီ၉ရက် အထိရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းနှင့် ရန်ကုန် ဝိုင်၊အမ်၊စီ၊အေ တို့၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ နွေရာသီ ကရာတေးဒို အားကစားသင်တန်းသို့ တက်ရောက်ကြမည့် လူငယ်အားကစား မောင်မယ်များသည် သင်တန်းဖွင့်လှစ်မည့်နေရာများ၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

အရှင်ဥာဏ၏အထူးပူဇနီယအနုပညာ

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ... (VCD Karaoke)ကို (၂၂-၂-၂၀၀၄ မှ ၇-၃-၂၀၀၄ထိ) ...

မြတ်ဆုမွန်

မန္တလေးသိန်းဇော် သဒ္ဒါဒါန မွေ့ဒါန VCD Karaoke

VCD Karaoke	လက်လီ	၁၂၀၀ကျပ်
တစ်ချပ်လျှင်	လက်ကား	၁၁၀၀ကျပ်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ရွှေအိုင်ရွာနေ
ဦးအောင်မင်း-(ဒေါ်အုန်းရင်)တို့၏ သားလတ်
မောင်တိုက်ဝင်း B.Sc (Chem)
Chef de Partie, Ballynahinch Castle-Hotel, Republic of Ireland နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အဆင့်မြင့် ကျိုက္ကဆံအိမ်ရာ
တိုက်(၁)၊ အခန်း(၁၀၆)နေ
ဦးသန်းအောင်-ဒေါ်မူမူအေးတို့၏ တစ်ဦးတည်းသောသမီး
မချိုလင်းနု B.Sc, (Phys).Q
တို့သည် နှစ်ဖက်သော မိဘများ၏ ခွင့်ပြုချက်အရ ၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)
M3 Food Center တွင် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌
စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တိုက်ဝင်း - မချိုလင်းနု

ဖေဖော်ဝါရီ ၇ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၃၇)တွင် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးသန့်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရ မောင်ကျော်ကျော်ခန့်အား ဆုပေးအပ်စဉ်။ (က-ပ)

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေးစာမေးပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCSA)မှ ITပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MCSA Professional Certification စာမေးပွဲများကိုကျင်းပမည်ဖြစ်သည်။ MCSA Professional Certification (Fundamental)စာမေးပွဲကို မတ် ၇ ရက်(တနင်္ဂနွေနေ့)တွင် လည်းကောင်း၊ MCSA Professional Certification (Software Engineering နှင့် Network Engineering) စာမေးပွဲကို မတ် ၂၁ ရက်(တနင်္ဂနွေနေ့)တွင် လည်းကောင်း ရန်ကုန်နှင့် မန္တလေးတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲတွင် စစ်ဆေးမည့် ဘာသာရပ်မှာ Japan-Myanmar Cross Certification IT Engineer Exam; သင်ရိုးညွှန်းတမ်း အတိုင်းဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုသူများသည် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ဖေဖော်ဝါရီ၂၀ရက်မှ မတ်၅ရက်အထိ လျှောက်နိုင်ကြောင်းနှင့် ယင်းစာမေးပွဲ အောင်မြင်ပြီးသူများ သာလျှင် နိုင်ငံခြားပညာသင်ဆုကို လျှောက်ထားနိုင်မည်ဖြစ်၍ အသေးစိတ်သိရှိလိုပါက လှိုင်မြို့နယ် MICT Park ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန် နှိုးဆော်လွှာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်ကြီးနှင့် လွန်စွာနီးကပ်စွာတည်ရှိနေသော ဘုရားကြီးကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန်အတွက် အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပါသည်။ အသစ်ပြုပြင်တည်ဆောက်သွားပါက ဘုရားကြီးကိုးဆူတန်ဆောင်းသည် စေတီတော်နှင့် ကိုးပေခန့်ကွာဝေးသွားပြီး ရင်ပြင်တော်လျှောက်လမ်း ကျယ်ဝန်းသွားမည့်အပြင် ကိုးဆူတန်ဆောင်းမှာလည်း ပိုမိုကျယ်ဝန်းတင့်တယ်သွားမည်ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံလုပ်ငန်းအတွက်အလှူငွေပေးအပ်ပွဲအခမ်းအနားကိုလည်း မကြာမီ ကျင်းပပြုလုပ်ရန်ရှိပါသဖြင့် ကုသိုလ်တော်ပါဝင်လိုသူအလှူရှင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကရုံး-၂၉၀၄၂၅
ပြန်ကြားရေးဝန်ကြီးရုံး-၂၄၅၆၁၅၊၂၄၅၆၁၉
၂၄၅၅၉၅၊ ၂၄၅၆၂၄၊၂၄၅၆၃၁

ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော

ယဉ်ကျေးမှုစာတမ်းဖတ်ပွဲကြီး

စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုအနုပညာဘာသာရပ်နယ်ပယ်ရသ စာတမ်းများနှင့်
ဥပမာ၊ ဥပစာတို့ဖြင့် တန်ဆာဆင်အပ်သော ပိဋကတ်တော်လာ အနှစ်သာရ စာတမ်းများ

သဘာပတိအဖွဲ့	-	ဒေါက်တာခင်မောင်ဝင်း (ပညာရေးဝန်ကြီး-ငြိမ်း) ဗိုလ်မှူးချုပ်ခင်အုန်း(ငြိမ်း) (ရာမညကိုကိုနိုင်) ဒေါက်တာခင်မောင်ညွန့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
စာတမ်းရှင်များ	-	ပါရဂူ၊ နန္ဒာသိန်းဇံ၊ ချစ်ဦးညို၊ ချစ်စံဝင်း၊ မောင်အံ (မဟာဝိဇ္ဇာ၊ဘုံဘေ)၊ ဦးမင်းနိုင်၊ ဂီတလုလင်ဦးကိုကို၊ ဦးမြင့်စံ (ပါမောက္ခ-ပန်းပု)
ကျင်းပမည့်နေ့ရက်နှင့် အချိန်	-	၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက် နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီ မွန်းလွဲ ၁:၀၀ နာရီမှ ညနေ ၄:၀၀ နာရီ
ကျင်းပမည့်နေရာ	-	အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း

စိတ်ပါဝင်စားသူများ တက်ရောက်ကြားနာလေ့လာနိုင်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

အမည်ပြောင်းခြင်း

ရွှေပြည်သာမြို့နယ် အမက (၁၆) စတုတ္ထတန်း(A)တွင် ပညာသင်ကြားနေသော ဦးဆန်းဝင်း၏သမီး မဝင်းလဲ့ရွှေစင်အား ယနေ့မှစ၍ မအေးချစ်ချစ်မိုးဟုပြောင်းလဲခေါ်ပါရန်။ **မအေးချစ်ချစ်မိုး။**

ဒေါ်တင်မျိုး B.A(Eng) ဦးစီးသော
SUPER-A-ONE အင်္ဂလိပ်စကားပြော(၃)လအတတ်
Interview (၁)ပတ်၊ နိုင်ငံခြားသွား(၁)လ၊ ...
Tourism, Hotel, Company, Student Visa, Grammer.
ကလေးများအတွက်အထူးတန်းခွဲရှိသည်။
တိုက်(၁)၊ အခန်း(၂၂) ... ☎ 511231

JOB OPPORTUNITY
(Salary in Kyats & for Local Service Only)

1.	Manager	M/F	(2) Posts
2.	Marketing Manager	M/F	(2) Posts
3.	Sales	M	(1) Post
4.	Maintenance	M	(1) Post
5.	Driver	M	(2) Posts
6.	Gardener	M	(2) Posts

Post(1)applicant must have experience in hotel management.
Post(2)applicant should be from electronic & beverage products field.
Post(3)applicant should have experience in sales of beverage.
Post(4)applicant must be qualified A.G.T.I (Mech)with min.2 years experience.
Post(5) applicant must be able to drive saloon up to 3 tons truck.
To apply before (15) days from the date of this advertisement with a copy of labour registration card. Application form is available at
Hotel No.(7), Saya San Road, Bahan Township, Yangon.
Tel : 548526,543162,543163

နှစ်(၃၀)ကျော်အရှိန်အဟုန်မပျက်အောင်မြင်ကျော်ကြားလျက်ရှိသော
တိုင်း
ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗွီဒီယို၊
ရေဒီယိုသိပ္ပံ
ကျောင်းသားသစ်များလက်ခံပြီ။
☎ 01-535151, 09-80-34549

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့က ထုတ်ဝေသည်

၂၀၀၄ တက္ကသိုလ်ဝင်စာမေးပွဲ လမ်းညွှန်ချက်များ နှင့် လေ့ကျင့်ရန် ဘာသာစုံမေးခွန်းပုံစံ

LEARNER'S CHOICE

သက်ဆိုင်ရာဘာသာတွဲ အလိုက် အမြို့အမြို့အနယ်နယ်ဆိုင်တိုင်းတွင် ရနိုင်ပါပြီ။

တစ်ပတ်အတွင်းမြန်မာဗီဒီယိုသတင်း ဗီဒီယိုဇာတ်ကား ၁၂ကားဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယခုအပတ်တွင် ပြသခွင့်ရရှိပြီး မြန်မာဗီဒီယိုဇာတ်ကား ၁၂ကား ဖေဖော်ဝါရီ ၂၃ရက်မှ စတင်ဖြန့်ချိမည်ဖြစ်သည်။

ထိုဗီဒီယိုဇာတ်ကားများတွင် မိဘမေတ္တာအချစ်၊ဟာသနှင့်ဘဝသရုပ်ဖော် ဝေဠုကျော်၊ ကြည်လဲ့လဲ့ဦး၊ အေးဝတ်ရည်သောင်း ပါဝင်သော **စွန်၊** နေပိုင်ရိုက်ကူး၍ လူမင်း၊ နန္ဒာလှိုင်တို့ ပါဝင်သော **သရီးအင်ဝမ်း၊** စိုးဦးရိုက်ကူး၍ သီဟ တင်စိုးနှင့် ဇင်မာဦးပါဝင်သော **ဘဝမုန်တိုင်း၊** ကျော်ဇေလင်းရိုက်ကူး၍ အရိုင်း၊ လှအဥ္ဇလီတင့်၊ ငွေစင်သွန်း

ကောင်းသတင်းစုံလင် ကိုတင့်တို့ရပ်ကွက်ပုံပြင် ဇာတ်ကားမှ သရုပ်ဆောင်ကွက်တစ်ကွက်။

ဦးရိုးတော် ဗီဒီယိုဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

တို့ပါဝင်သော **ကောင်းသတင်းစုံလင် ကိုတင့်တို့ရပ်ကွက်ပုံပြင်၊** ပန်းအိကျော်ရိုက်ကူး၍ ရန်ကျော်၊ခင်စိုင်းပိုင်တို့ ပါဝင်သော **အနန္တ မေတ္တာသားလီမွာ၊** ပိုဝမ်းရိုက်ကူးပြီး ကျော်ဟိန်း၊ ကျော်ဇေဟိန်းနှင့် ရွှေရည်မိုးဦး တို့ပါဝင်သော **ဘယ်သူမှားလဲ**ဇာတ်ကားများတစ်ပတ်အတွင်း ဖြန့်ချိမည်ဟုသိရသည်။

ဦးရိုးတော်ရိုက်ကူးပြီးစီး

ရန်အောင်သရုပ်ဆောင်

စိန်ငွေဗီဒီယိုမှဒါရိုက်တာချိုင်းရှိန် ရိုက်ကူး၍ ရန်အောင်၊ မင်းဟိဏ်း၊ ပန်းဖြူ၊ ထူးမွန်နှင့်နေတိုးတို့ ပါဝင် ဇာတ်လမ်းများပါဝင်သည်။ဒါရိုက်တာကျော်ဇေလင်းရိုက်ကူးပြီး နေထက်လင်း၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **၁၅၀၀၈၏ရန်၊** မောင်ခြိမ့်၏ **အချစ်နဲ့ဖော်မြူလာ** (ကာတွန်း ဇာတ်ကား)၊ ဒါရိုက်တာမောင်မောင်ဦး (စန္ဒီးပိုက်) ရိုက်ကူး၍ နိုင်းနိုင်း၊ခင်ယုမေ၊ ချိုပြုံး၊ ရတနာခင်တို့ ပါဝင်သော **တူးမေမေ၊** ဒါရိုက်တာအောင်ဆွေ၊ မြန်မာ ရိုက်ကူး၍ ဇာဂနာ၊ မေသန်းနု၊ ခိုင်နှင်းဝေ ပါဝင်သော **လူကဲ၊** ဇမ္ဗူထွန်းသက်လွင် ရိုက်ကူး နေမျိုးအောင်၊ ကြည်လဲ့လဲ့ဦး ပါဝင်သော **ပေါက်ကွဲသံစဉ်၊** ပေါစံ (မြို့တော်) စီစဉ်သည့် **ရယ်စရာအငြိမ့်ဟာသများ၊** ကျော်ဇ ရိုက်ကူး၍ သော **ဦးရိုးတော်** ဗီဒီယိုဇာတ်ကားမှာ ရိုက်ကူးပြီးစီး၍ မကြာမီဖြန့်ချိမည်ဟု သိရသည်။

စနိုးပိုက်ဗီဒီယိုမှ ဒါရိုက်တာ မောင်မောင်ဦး ရိုက်ကူးသည့် တူးမေမေ ဇာတ်ကားမှ နိုင်းနိုင်း၊ ခင်ယုမေ၊ ချိုပြုံး၊ ရတနာခင်။

ပိတောက်ပင်လယ်

ပြန်လည်ရိုက်ကူး

ဒါရိုက်တာမောင်တင်ဦးရိုက်ကူးခဲ့သည့် **ပိတောက်ပင်လယ်** ဇာတ်ကားကြီးကိုရွှေစင်ဦး(ဗီဒီယို)မှ ဗီဒီယိုဇာတ်ကားအဖြစ် ပြန်လည် အသက်သွင်း၍ မကြာမီဖြန့်ချိနိုင်ရန်စီစဉ်လျက်ရှိသည်။ ရာဇာ နေဝင်း၊ ထွန်းအိန္ဒြာဗိုနှင့် ဇာဂနာတို့ သရုပ်ဆောင် ပါဝင်ထားကြသည်။ **(မြန်မာ့အလင်း)**

အင်္ဂပူမြို့နယ် ဘက်စုံပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် ကျောင်းပေါင်းစုံပဒေသာကပွဲကို ဇန်နဝါရီ၁၇ရက်က အင်္ဂပူမြို့နယ် ပြည်သူ့ခန်းမ၌ ကျင်းပရာ ဗိုလ်မှူးကြီးဘိုနီ တက်ရောက်၍ ဘက်စုံပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်စဉ်။ (၁၃၁)

ဆီဆိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ညောင်ရွှေမြို့နယ် နန်းသဲသစ်ခွဥယျာဉ်လေ့လာ

ဆီဆိုင် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အယ်ဂျာခေါ်နှင့် အသင်းဥက္ကဋ္ဌ ဒေါ်ကျင်စိန်တို့ဦးဆောင်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် လေ့လာရေးခရီးစဉ်အဖြစ် ဇန်နဝါရီ၁၅ရက်က တောင်ကြီးခရိုင်ညောင်ရွှေ နန်းသဲသစ်ခွဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။ **(အောက်ပုံ)**

ထိုသို့လေ့လာရာတွင် နန်းသဲသစ်ခွဥယျာဉ်မှ သစ်ခွစိုက်ပျိုးရေးသုတေသနပညာရှင်များဖြစ်ကြသည့် ဌာနခွဲမှူး ဦးခွန်အုံးသာနှင့် ဦးခွန်ထွန်းကြွယ်တို့မှ စိုက်ပျိုးထားရှိသည့် နိုင်ငံခြားသစ်ခွမျိုးနှင့် ဒေသသစ်ခွမျိုးအပါအဝင် သစ်ခွပင်သုံးသောင်းကျော်စိုက်ပျိုးအောင်မြင်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြသကြောင်း သိရှိရသည်။ **(၀၈၄)**

စက်ကွေ့အမက ပညာရည်ချွန်ဆုပေး

မြစ်ငယ် ဖေဖော်ဝါရီ ၁၈

အမရပူရမြို့နယ် စာတိုး၊ မြို့ပြင်ကြီးကျေးရွာအုပ်စု စက်ကွေ့အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်များတွင် ထူးချွန်သူများနှင့် မြို့နယ်အဆင့်တွင် ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို ဇန်နဝါရီ ၂၄ရက်က အဆိုပါ ကျောင်းခန်းမတွင် ဆုပေးပွဲ ကျင်းပရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူလေးများက မြန်မာကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် အတန်းတိုင်းတွင် ငါးနှစ်ဆက်တိုက် ဘာသာစုံပထမဆု၊ မြို့နယ်အဆင့်တွင် ဘက်စုံပထမဆုနှင့် စာစီစာကုံးပထမဆုရရှိသူ မောင်မျိုးထက်ဝင်းအား မြို့နယ် ပညာရေးမှူး ဒေါ်ဝင်းကြည်က ဆုချီးမြှင့်ပြီး ဘာသာရပ်အလိုက် ထူးချွန်ဆုနှင့် လုပ်ငန်းဆောင်ရွက်မှုထူးချွန်ဆု ရရှိသူများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။ **(၂၀၉)**

မြင်းခြံမြို့နယ် **စည်ပင်သာယာရေးအဖွဲ့** အေးမြသီတာဈေးကြီး၏ ဈေးအကျိုးတော်ဆောင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ၂၃ရက်က ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးကြီးအရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးသုံးစွဲ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြကြစဉ်။ (၄၀၂)

ပုလဲမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်ဖွင့်

ပုလဲ ဇန်နဝါရီ ၁၅

ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးနင်းကြီးအုပ်စု၊ ကျေးနင်းကြီးရွာ အတိုင်းအဆမယ့်ရလဒ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ၁၅ရက်က ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးမြကြီးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးငြိမ်းမောင်နှင့် ကျေးရွာမှ အလှူရှင် ၁၄ဦးတို့က စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နမ္မတူမြို့နယ်ရဲတပ်ဖွဲ့ သက်သာအရောင်းဆိုင်ဖွင့်

နမ္မတူ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့နယ် ရဲတပ်ဖွဲ့သက်သာချောင်ချိရေး အရောင်းဆိုင်ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်က စခန်းဝင်းအတွင်း အရောင်းဆိုင်တည်ရှိရာ အဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဖေတင်က ရဲတပ်ဖွဲ့ သက်သာချောင်ချိရေး အရောင်းဆိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(၃၇၁)**

သရက်မြို့ သဃ်န်းရုံလမ်း ကျောက်ချောလမ်းသစ်ဖွင့်

သရက် ဖေဖော်ဝါရီ ၁၈

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးမှူး၍ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပြီးစီးခဲ့သော သရက်မြို့ အနောက်ရပ်မြောက်ပိုင်းရပ်ကွက်ရှိ သဃ်န်းရုံလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်က အဆိုပါ ကျောက်ချောလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးက သဃ်န်းရုံလမ်း ကျောက်ချောလမ်းသစ်နှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝွတိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ကျောက်ချောလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆောင်ရွက်

အဆိုပါ သဃ်န်းရုံလမ်း ကျောက်ချောလမ်းသည် အရှည်ပေ ၆၈၀၊ လမ်းအကျယ် ၁၂ ပေရှိပြီး အဖွဲ့မှ ငွေကျပ် ခုနစ်သိန်း ခုနစ်သောင်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖေဖော်ဝါရီ ၂ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မိုးကုတ်– သဲဖြူလမ်း (ကျေးလက်လမ်း)ပေါ်ရှိ ကွန်ကရစ်ရေပြွန် တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးဆန်းမော်ခင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သောင်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖျာပုံမြို့ ရတနာကတ္တရာလမ်းဖွင့်

ဖျာပုံ ဖေဖော်ဝါရီ ၁၉

ဖျာပုံမြို့ ရတနာလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ကတ္တရာခင်းပြုပြင်ခဲ့ရာ ဖေဖော်ဝါရီ ၆ ရက်က လမ်းထိပ်မုခ်ဦးတွင် လမ်းဖွင့်ပွဲကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာရပ်ကွက်ဥက္ကဋ္ဌများတက်ရောက်ခဲ့ကြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းကို စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုငွေကျပ် ၂၃၅၁၈၂၀ ဖြင့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာခင်းလမ်းအဖြစ်ပြုပြင်ခဲ့ကြောင်းသိရသည်။ **(၁၅၈)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ခရိုင်ဥက္ကဋ္ဌစစ်ဆေး

မော်လိုက် ဖေဖော်ဝါရီ ၁၂

မော်လိုက်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနောင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၂ရက်က မော်လိုက်မြို့နယ် ဖာတင်း ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် အခြေခံပညာမူလတန်းကျောင်းအုပ် ဒေါ်မြင့်မြင့်ခိုင်နှင့် ဆရာ၊ ဆရာမများနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်လှိုင်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး ကျောင်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုသည်။

အခမ်းအနားတွင်မော်လိုက်ခရိုင်ဥက္ကဋ္ဌက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေး၊ ဖာတင်းကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းရရှိပြီးဖြစ်၍ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပြီး အခြေခံပညာအလယ်တန်းကျောင်းရရှိစေရန် ဆောင်ရွက်ရန်ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စည်ကားကျေးရွာမူလတန်းကျောင်း ပညာရေးဆောင်ပုဒ်ဖွင့်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၅

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဆောင်ပုဒ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ပြင်ဦးလွင်မြို့နယ်စည်ကား ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဆိုင်းဘုတ်ကို မြန်မာ့ကျောင်းသီချင်းဖြင့် သံပြိုင်သီဆို၍ ကျောင်းသူကလေးများက ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)**

ထို့နောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးနှင့်ခရိုင်ပညာရေးမှူးဦးစံရွှေတို့က ကျေးဇူးတင်စကား ပြောကြားကြကြောင်း သိရသည်။ **(၂၈၀)**

ကျေးလက်လမ်းနှင့် တံတားဆောက်ရန်အလှူငွေပေးအပ်

လယ်ဝေး ဖေဖော်ဝါရီ ၁၃

လယ်ဝေးမြို့နယ် အေလာမြို့သစ် ရပ်ကွက်နှင့် ကုလားရွာ(ရတနာပုံတောရပရိယတ္တိစာသင်တိုက်) ဆက်သွယ်သည့် ကျေးလက်မြေသားလမ်းနှင့် တံတားတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းကျောက်စိမ်းရောင်းဝယ်ရေးဌာနဒုတိယညွှန်ကြားရေးဦးတင်အောင်–ဒေါ်သီသီခိုင်မိသားစုကငွေကျပ်တစ်သိန်း၊ ဦးသိန်းလေး–ဒေါ်သောင်း(ဆန်စက်၊အေလာ) မိသားစုကငွေကျပ်ငါးသောင်း၊ ဦးရေး–ဒေါ်စိမ်းရင် (သမာဓိပွဲရုံ၊ အေလာ) မိသားစုက ငွေကျပ်ငါးသောင်း၊ သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန (အေလာ)မိသားစုက ကျပ်တစ်သောင်းခြောက်ရာ၊ ဦးရဲမောင်–ဒေါ်စိုးစိုး (ဆန်ပွဲရုံ၊ အေလာ)မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးကိုကိုလွင်–ဒေါ်ဖြူဖြူဝင်း (အထည်စတိုး၊ အေလာ) မိသားစုက ငွေကျပ်တစ်သောင်းတို့အား ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ အလုပ်အမှုဆောင်ဦးအေးကြူနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါမြေသားလမ်းမှာ အရှည်ပေ ၄၀၀၀၊ အကျယ်ပေ ၃၀၊ အမြင့် ခြောက်ပေရှိ လမ်းဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက်က စတင်၍ ဖောက်လုပ်လျက်ရှိသည်။ **(၃၃၃)**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကျေးလက်ရေရရှိရေး လက်နှိပ်ပန့်ရေတုံကင်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က စံပြရွာသစ်ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးမောင်လွင်နှင့် စံပြရွာသစ်ကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိုးတို့က လက်နှိပ်ပန့်ရေတုံကင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မူလတန်းလွန်ကျောင်းဖွင့်ပွဲကျင်းပ

ဗန်းမောက် ဖေဖော်ဝါရီ ၁၈

ကသာခရိုင် ဗန်းမောက်မြို့နယ်၊ ကျောက်တန်းအုပ်စု၊ ပေါက်နက်ကုန်းကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယဉ်နှင့် ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကျောင်းဆိုင်းဘုတ်ကို မြို့နယ်အတွင်းရေးမှူး ဦးသိန်းဝင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်ကြားရေးနည်းစနစ်များကိုရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင် ၁၂ ဦးတို့က အလှူငွေကျပ် ၁၂၀၀၀၀ နှင့် စေတနာရှင်များက ဗလာစာအုပ် ၁၀ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် မီးသတ်ဦးစီးမှူး ဦးစိုးဝင်းတို့ ဖေဖော်ဝါရီ ၈ ရက်က သီရိရတနာဈေး မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ တာချီလိတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၀ ရက်က မိုင်းကိုးကျေးရွာအုပ်စု၊ မောက်ခွီ–ကျကူနီလမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

၂၃-၁၂-၂၀၀၃ ရက်တွင် မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၊ မြိတ်မြို့တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းဇော်လတ်-မခင်မြမြဇင်။

သင်ရွှေဆိုင်ဖွင့်လိုပါသလား?

သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသင်တန်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့် ရွှေပညာတတ်မြောက်လိုသူများများအတွက်

(၁) ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂) ရွှေထည်၊ ကျောက်ထည်ဝယ်နည်း
(၃) ရွှေထည်၊ ကျောက်ထည်အပေါင်ခံနည်း
(၄) ရွှေထည်၊ ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅) ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆) ရွှေအတု၊ အစစ်ခွဲနည်း
(၇) ရွှေချွတ်နည်း (သို့) ရွှေအခေါက်အဖြစ် သန့်စင်နည်းစသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင်တစ်ဦး အနေနှင့် သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ တစ်လနှင့်အပြတ်စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်။ သင်တန်းတက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့် နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ၊ သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည်ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းစမည့်ရက်
၁-၃-၂၀၀၄

သင်တန်းချိန် - နံနက် ၁၀:၀၀ မှ ၁၁:၃၀ ထိ (သို့) ညနေ ၄:၀၀ မှ ၅:၃၀ ထိ
သင်ကြားမည့်ရက် - တနင်္လာနေ့မှ သောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ - သန်းဖြိုးရတနာရွှေဆိုင်နှင့် နာရီစတိုး
အမှတ် ၂၆၅၊ ပြည်လမ်းနှင့်
ဗားကရာလမ်းထောင့်၊
စမ်းချောင်းမြို့နယ် မြေနီကုန်း
မီးပွိုင့်အနီး
ဖုန်း-၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်(၅၁)လမ်း၊ အမှတ်-၁၀၈/၁၁၀၊ မြေညီထပ်နေ ဒေါ်ကြူကြူ နိုင်ငံသားအမှတ် ၁၀/ရမန(နိုင်) ၀၈၈၉၂၂ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ သားဖြစ်သူ ဦးလှထွန်း နိုင်ငံသားအမှတ် ၁၀/ရမန (နိုင်) ၀၈၆၉၀၅ သည် မိဘ၏ ပြောဆိုဆုံးမခြင်းကို မနာခံဘဲ စိတ်နာအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးကို အကြိမ်ကြိမ် ပြုလုပ်ဆောင်ရွက်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်ပြီး လူမှုရေး၊ စီးပွားရေးနှင့် အခြားမည်သည့်ကိစ္စများကိုမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ညွှန်ကြားချက်အရ - **ဦးခင်မောင်အေး (B.Sc., H.G.P) အထက်တန်းရှေ့နေ**
အမှတ်(၁၇၇) ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အရှေ့ရပ်ကွက် ၃၇လမ်း၊ ၈၀ X ၈၁လမ်းကြား၊ အိမ်အမှတ် ၁၆၉နေ ဦးမြင့်ဦး ၉/မရတ(နိုင်) ၀၂၀၅၀၃ နှင့် ဒေါ်ခင်မာဌေး ၉/ မရတ(နိုင်) ၀၁၉၉၈၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ဦးမြင့်ဦးသည် ပူးတွဲဖော်ပြပါရှိသော "m" ကုန်အမှတ်တံဆိပ်ကိုမန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၁၁-၂-၂၀၀၀ရက်နေ့က မှတ်ပုံတင်အမှတ် (၃၈/ ၂၀၀၀)ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲ၍ တူရိယာပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်ဖြင့် အခြား မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထုတ်လုပ်ပိုင်ခွင့်၊ ဖြန့်ဖြူးရောင်းချပိုင်ခွင့် ပေးထားခြင်းလုံးဝမရှိပါ။ မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ် တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အတုပြုလုပ်ခြင်း၊ ဆင်တူရိုးမှားအတုပြုလုပ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဦးမြင့်ဦး- တူရိယာလုပ်ငန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ပြုလုပ်ခြင်းများအား တွေ့ရှိခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုလေး(LL,B)
တရားရုံးချုပ်ရှေ့နေ (စဉ်- ၄၈၄၁)
စိန်ပန်း- ယဉ်ပုံရပ်ကွက်
မဟာအောင်မြေမြို့နယ် မန္တလေးမြို့
ဖုန်း- ၀၉ ၂၀၀ ၄၅၆၅။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ကြည် (ဒိုက်ဦးမြို့)
အသက်(၅၂)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ စိတ်စစ်ဆေးရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ရီ ၏ အစ်မကြီးဖြစ်သူ ဒေါ်ခင်ခင်ကြည် (မြို့နယ်သမဝါယမဦးစီးဌာန၊ ဒိုက်ဦးမြို့)သည် ၁၉-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ရွှေရွှေမြင့်၊ဒေါ်မီမီအောင်၊ဒေါ်သီဂီညွှန့်(ဦးစီးအရာရှိ)၊
ဒေါ်ဝါဝါအေး၊ဦးစိုးနိုင်၊ဦးအောင်ကျော်ဌေး(စစ်ဆေးရေးမှူး-၂)
စိတ်စစ်ဆေးရေးဌာနစိတ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်
၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်

၁။ ၂၀၀၄ ခုနှစ် မတ်လ ၁၃ ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား လုပ်ငန်းရှင်များအား (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန်ကောင်တာများ ရယူလိုသူများသည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့်ကျောက်မျက်ရတနာဈေး ကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

မိခင်အမည်မှန် အလက(၅) အင်းစိန် အောင်ဆန်း အဋ္ဌမတန်း(A)မှ မောင်တင်မျိုးမင်း၏မိခင်အမည် မှန်မှာ ဒေါ်တင်တင်ရီ ဖြစ်ပါကြောင်း။
ဒေါ်တင်တင်ရီ



ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
ကလေးခရိုင် နယ်တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၄

ဒေါ်မိသန်း နှင့် ၁။ မောင်ခင်ဇော် ၂။ မလဲ့လဲ့ထွန်း
၃။ ဦးထွန်းရီ

တရားလို **တရားပြိုင်များ**

ကလေးဝမြို့၊ အမှတ်(၃)ရပ်နေ ဦးထွန်းရီ(ဘ)ဦးခွေးညို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ပေးကမ်းစာချုပ်အား ပယ်ဖျက်ပေးစေလိုမှုနှင့် အမွေစီမံခန့်ခွဲလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၁၂ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆုတ် ၇ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမွန်
ခရိုင်တရားသူကြီး

(၁)နှစ်ပြည့်အလွမ်း

ဗိုလ်မှူးကြီးစိုးသိန်း (စစ်ဗျူဟာမှူး) ကွယ်လွန်သွားသည်မှာ ၂၄-၂-၂၀၀၄ရက်တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ မေ့မရပါ။ ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး - ဒေါ်သန်းချစ်
သားကြီး- မောင်တေဇာစိုး
သားငယ်- ဗိုလ်ဇေယျာစိုး

အမှတ် ၄၊ နံ့သာမြိုင် ၁ လမ်း၊ နံ့သာကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။



စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မ/၂၅၇၇မော်တော်ယာဉ်လက် ဝယ်ရှိသူမှ ယာဉ်ဆက်လက်မှတ်ပုံတင်ခွင့်နှင့် အမည်ပြောင်းခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(တောင်ဥ)သို့ လာရောက်ဆက် သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(တောင်ဥ)။

မွေးနေ့ဆုမွန်

ဆွန်းစေအောင်မြင် (စ) ခိုင်ဇွန် ... ၂၄-၂-၂၀၀၄ ...

အဖေ- ဦးသန်းအောင် (Chief Engineer) M.V Little Angles T.M.T Co., Ltd.

အမေ- ဒေါ်... B.A (History)

ကိုကို- ဆွန်းမြတ်ဟန်း (စ) ခိုင်ဟွန်း I (B) B.E.H.S (2) Kamayut (M) K.G, LL-B.C

OK Electronics ....နွေဦးရာသီအထူးဈေးရောင်းပွဲ ....

ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၄) ဖြင့် "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့ထူးဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ဦးအေးလွင် (MD) Sun Beam International Co. ,Ltd. နှင့် ရွှေပြည်စံ ကုမ္ပဏီလီမိတက်အား အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တိုင်းပြည်အကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လကွယ်ညတိုင်း ဆီမီးကပ်လှူရေးနှင့်ရွှေသင်္ကန်းကပ်လှူရေးအဖွဲ့ ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများ။

ရွှေထူးလွင် ...

နွေရာသီ ရေကူးသင်တန်း

☎ 513109

သင်တန်းစမည့်နေ့ (6-3-2004)

(26-2-2004) မှ (3-3-2004) ထိ ...

ဖုန်း 01-690264, 662129

သင်အသုံးပြုရမည့်တန်ဖိုးငွေထက်များစွာ ပိုမိုပြီးအနွှန်အစရေးကောင်းများရရှိလိုပါက

EARN SPARK MYANMAR CO.,LTD.မှ နိုင်ငံတကာအဆင့်မီတည်ဆောက်ထားသော ဥဿာတလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ အရည်အသွေးမြင့်မားသည့် "GRAND DIAMOND RESIDENCES" ၏ကုမ္ပဏီ အရောင်းစခန်းသို့ ကြွရောက်ခဲ့ပါ။

"ကုမ္ပဏီ၏နှစ်ပတ်လည်အထူးအခွင့်အရေး" အနေဖြင့် (၁၇-၂-၂၀၀၄မှ ၂-၃-၂၀၀၄)ထိ ...

(၂)ထပ်လုံးချင်းတိုက်များနှင့်တိုက်ခန်းများကို ၅% မှ ၁၀% အထိ ... ရောင်းချပေးနေပါပြီ။

ပိုင်ဆိုင်မှု - တိုက်ပိုင်/အခန်းပိုင်စနစ်ဖြစ်ပါသည်။

တည်နေရာ - ရန်ကုန်မြို့၏ ... (ဥဿာတလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်) နေရာတွင်တည်ရှိပါသည်။

အရည်အသွေး - ...

(၂)ထပ်လုံးချင်းတိုက်များနှင့်လူနေတိုက်ခန်းများမှာ Room Type စနစ်ဖြစ်ပါသည်။

လုံးချင်းတိုက်များမှာ -

မြေဧရိယာ - 2448 Sq-ft မှ 3438Sq-ft

(၂)ထပ်လုံးချင်းတိုက်ဧရိယာ - 2592 Sq-ft

တိုက်ခန်းများမှာ - ဧရိယာ - 1440 Sq-ft မှ 3083 Sq-ft

အရောင်းဌာန ☞ ဥဿာတလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ GRAND DIAMOND RESIDENCES ၏ ... အရောင်းခန်း။

☎ 722458,505800,244559

"မားစ်နှင့်မားစ်ပါဝါ"ငွေသားကံစမ်းမဲအစီအစဉ်များ!

ဖေဖော်ဝါရီလကုန်အထိ ဆက်လက်ကံစမ်းနိုင်ပါသည်။

မားစ်နှင့်မားစ်ပါဝါ ... "လင်း" ငွေကျပ်(၁၀)သိန်း ... ငွေသားဆုများ ...

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ထွန်းလင်း ၁၂/ရကန (နိုင်) ၀၇၃၀၈၄ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ)

ဦးမျိုးခင် ၁၂/ရကန(နိုင်)၀၃၃၀၈၆

ဒေါ်ခင်ညွန့် ၁၂/ရကန(နိုင်)၀၃၃၀၈၇



အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

မှ

မောင်မြန်မာအပ်ချုပ်စက်များကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချပေးနေပါပြီ

(၁) မြန်မာပြည်တွင် နှစ်ပေါင်းများစွာကျော်ကြားသည့် Singer အပ်ချုပ်စက်နည်းပညာနှင့် ဒီဇိုင်းအတိုင်း အရည်အသွေးမီ ထုတ်လုပ်ထားပါသည်။

(၂) မော်တာဖြင့် တွဲဖက်အသုံးပြုနိုင်၍ ပေါ့ပါးသွက်လက်စွာ ချုပ်နိုင်ပါသည်။

(၃) မြန်မာဆန်သော ပန်းဒီဇိုင်းများဖြင့် အလှဆင်ထားပါသည်။

(၄) ဈေးနှုန်းချိုသာပြီး လှတန်ခံမာ အသုံးပြုနိုင်ပါသည်။

အသေးစိတ်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သောနေရာများ

- ဝင်းသူဇာအရောင်းဆိုင်များ
- ရုံးချုပ် ဖုန်း - ၀၁-၅၆၀၈၈၇၊ ၀၁-၅၆၆၀၅၉၊ ၀၁-၂၉၀၀၂၉
- အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်) ဖုန်း - ၀၆၆-၅၀၅၇၇



ကျေးဇူးဆပ်ပါမည်

မော်တော်ဆိုင်ကယ်အမှတ် ၁ဃ/၈၃၆၉၃
ဖရိန်နံပါတ် BE 42 B. MM 102483 မှာ
တာမွေမြို့နယ်အတွင်း ပျောက်ဆုံးသွားပါ၍
တွေ့ရှိပါက ဖုန်း-၀၁-၇၀၄၁၉၉ သို့
ဆက်သွယ်ပါရန်။
ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြီးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်၏သား မောင်တင်အောင်မိုး (ခ)ငယ်ထူး ၁၂/ကမတ(နိုင်) ၀၆၂၁၉၂ သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါ၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဒေါ်မာမာအေး ၁၂/အလန(နိုင်)၀၃၀၆၉၇။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏သမီး မခင်နှင်းယု (MGDN-013953) ၁၂/ဥကမ(နိုင်) ၀၇၉၉၂၁ သည် မိဘဆိုဆုံးမမှု မခံပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဒေါ်အုန်းမြင့် ၁၂/ဥကမ(နိုင်)၀၄၉၄၈၄**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မုခ်ဦး ဒါယိကာမကြီး
ဒေါ်လှတင် (သိမ်ချောင်း)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဩဘာလမ်း၊ အိမ်အမှတ် ၁၄ နေ (ဦးစံရ-ဒေါ်ငွေနှင်း)တို့၏သမီး၊ (ဦးချစ်-ဒေါ်ထား)၊ (ဦးစောမောင်-ဒေါ်အေးတင်)၊ (ဦးသာလှ-ဒေါ်လှခင်)တို့၏ညီမ၊ ဒေါ်စောသင်၏အစ်မ၊(ဒေါ်သန်းကြွယ်)၊ ဒေါ်ကြူကြူစော(အထက-၃၊ တာမွေ၊ ငြိမ်း)၊ (ဦးတင်အောင်)-ဒေါ်ခင်အေးနွဲ့၊ ဦးခင်မောင်လင်း - ဒေါ်ခင်လှိုင်ဝင်း (စက်မှု-၂၊ ငြိမ်း) ဦးသန်းချို-ဒေါ်တင်တင်နု(T.S.C၊ဘဏ်ရေးငြိမ်း၊ကုဋေကဋာ၊ မင်္ဂလာဈေး)တို့၏ အဒေါ်/ကြီးကြီး၊ ဆွေဇင်ဝင့်ဝင့်အောင်(ပထမနှစ်၊ရုပ်ဗေဒ)၏အဘွားသည် ၂၃-၂-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကြီးငွေ (ဖျာပုံ)
(ခါတော်မှိဆန်စက်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၊ ၁၄ လမ်းနေ ခါတော်မှိဆန်စက်ပိုင်ရှင် (ဦးခိုင်စိုး-ဒေါ်သန်း)တို့၏သား၊ ဖျာပုံမြို့နေ (ဦးကြီးစိန်)-ဒေါ်ကျင်မြ (မြသီတာ သက်န်းတိုက်)၊ (ဒေါ်ကျင်ယုံ)၊ (ဦးအောင်ထွန်း-ဒေါ်စန်းမြင့်)၊ (ဦးကျင်မောင်)-ဒေါ်မြမြတို့၏ညီ/မောင်၊ ဦးကြီးအောင်-ဒေါ်အေးမြင့်၊ ဗိုလ်မှူးအောင်သန်း(ငြိမ်း)-ဒေါ်အမာ၊ ဦးထွန်းအေး-ဒေါ်ခင်ဆင့်၊ ဦးအေးသောင်း-ဒေါ်နုရင် (Green Cross)၊ ဗိုလ်မှူးမြင့်ဆွေ(ငြိမ်း) - ဒေါ်မြင့်မြင့် (အေးချမ်းမြေ ဆန်ရောင်းဝယ်ရေး) တို့၏အစ်ကိုသည် ၂၃-၂-၂၀၀၄ရက် နံနက် ၂း၃၀ နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးမြသွင် (ငြိမ်း)
B.Sc, OTS, အပတ်စဉ်(၄၁)
အသက်(၅၉)နှစ်

ကောလင်းမြို့၊ မြို့မရပ်နေ (ဦးစိန်ကြည်-ဒေါ်တင်စိန်)တို့၏သား၊ နမ့်ခမ်းမြို့၊နောင်စပ်ရပ်နေ(ဦးမောက်ခမ်းလှိုင်)-ဒေါ်ယာလွယ်မွမ်းတို့၏ သားသမက်၊ နောင်ချိုမြို့၊ ဈေးရပ်နေ ဒေါ်နန်းရွှေဦး၏ခင်ပွန်း၊ ကောလင်းမြို့နေ ဦးမိုရှင်၊ ရန်ကုန်မြို့နေ ပါမောက္ခ ဦးအောင်သိန်း-ဒေါ်မြင့်မြင့်၊ ဦးလှမောင်-ဒေါ်ထွေးထွေးတို့၏ညီ/မောင်၊ ဒေါက်တာဦးစိုးလွင်-ဒေါက်တာဒေါ်သန်းလွင်၊ ရမည်းသင်းမြို့နေ ဦးထွန်းအေး-ဒေါ်ခင်မျိုးဆွေတို့၏အစ်ကို၊ မနန်းစုလဲ့မြသွင် Ph.D (Civil Eng၊ ပထမနှစ်၊ Y.I.T)၊ မနန်းသင်းနွဲ့မြသွင်[M.B.,B.S Final Part I (MDY)]၊ ဗိုလ်လောင်းစိုင်းရဲမြင့်မြသွင် [Final Year Computer (DSA)]၊ မကေသီဝင်းတို့၏ဖခင်သည် ၂၃-၂-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် နောင်ချိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ရက်တွင် မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးလှထွန်း
ဧယျာကျော်ရပ်ရှင်ဖြန့်ချိရေး (အတွင်းရေးမှူး)
မုံလယ်တောရမဇ္ဈိမရိပ်သာ ၁၀မိုင်ကုန်း၊ပဲခူး
စိန်မိုက်ကယ်ကျောင်းသားဟောင်း
ရွှေတောင်တန်း၊ကျုံမငေးမြို့
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ အမှတ် ၄၀၂(အေ)နေ (ဦးလှအောင်)-ဒေါ်ခင်ညွန့်တို့၏သား၊ (ဦးလေးမောင်-ဒေါ်သောင်းသောင်း)တို့၏ သားသမက်၊ ဒေါ်ခင်မေစီ၏ခင်ပွန်း၊ မအိဖြူထွန်း (Yoma Bank)၊ မောင်ကျော်ဧယျာထွန်း၊ မောင်စိုးငြိမ်းကျော်တို့၏ ဖခင်သည် ၂၃-၂-၂၀၀၄ရက် နံနက် ၆ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပြီဖြစ်ပါ၍ ၂၅-၂-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီဝင်း(ခ)
Anna Thein Han
B.A (History)
အထက(၂)ရန်ကင်း(ငြိမ်း)
အသက်(၅၉)နှစ်

ပုသိမ်မြို့နေ U.B.A လေယာဉ်ကိုယ်စားလှယ်ဟောင်း (ဦးသိန်းဟန်၊ မော်ကွန်းဝင်တတိယဆင့်-ဒေါ်တင်မေ)တို့၏တတိယသမီး၊ ဦးမြင့်သိန်း(Jack) Middle East Travel & Tours-ဒေါ်တင်တင်ဦး (အထပြ၊ အထက-၂၊ ပုသိမ်)တို့၏ညီမ၊ ဒေါ်နီဝေသီ၊ ဦးခင်မောင်လင်း(၁၆/၂ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)-ဒေါ်မြင့်မြင့်ထွေးတို့၏အစ်မ၊ ဦးကျော်ဇော (ဒါရိုက်တာ Popa-M-Co.,နှင့် Explorers Consulting Co., Ltd.)၏ဇနီး၊ တူ တူမ ၂၃ ယောက်တို့၏အဒေါ်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၂-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၁၅ နာရီတွင် ခြံအမှတ် ၂၀၊ မေတ္တာလမ်း၊ သီရိရတနာရိပ်သာ၊ ဘောက်ထော်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်း
အသက်(၅၀)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊(၂/ခ)ရပ်ကွက်သစ်၊ ဆရာစံလမ်း၊ အမှတ် ၃၁၇/၃၁၈ နေ (ဦးစောဘကြည်-ဒေါ်သိန်းတင်)တို့၏ ချစ်လှစွာသောသမီး၊ အရာခံဗိုလ် ဝန်ထောက်တင်မောင်ဆွေ၏ချစ်လှစွာသောဇနီး၊ မနှုးကောန်-မောင်သိန်းလှိုင်ဦး(B.A;Hist) (Dynasty သောက်ရေသန့်လုပ်ငန်း)၊ မောင်ကောန်ခါးဆိုင်းကောန်(B.E; Civil,ME;1st Seme)(Dynasty သောက်ရေသန့်လုပ်ငန်း)၊ မောင်ကောန်ခါးဂျော်မွန်းကောန်(B.A;Law)၊ မခင်သန္တာဆွေ (3rd yr; Eng)၊ မောင်ကျော်ဇေယျာမောင်(X.B အထက-၂၊ မင်္ဂလာဒုံ)တို့၏ချစ်လှစွာသောမိခင်၊ မအိအိဖြိုး၏ချစ်လှစွာသောအဘွားသည် ၂၂-၂-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

၂၈-၂-၂၀၀၄ရက် နံနက် ၁၁နာရီမှစ၍ ညနေ ၅ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်း
အသက်(၅၀)

အရာခံဗိုလ် ဝန်ထောက် ဦးတင်မောင်ဆွေ၏ဇနီး၊ ကိုကောန်ခါးဂျော်မွန်းကောန်၏မိခင် ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်းသည် ၂၂-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုသန်းထိုက်၊ ကိုစည်သူ၊ ကိုထွန်းလူမော်
ပျဉ်မနားမြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးလှထွန်း
အလက(၃)တာမွေ၊ အထက(၅)မင်္ဂလာတောင်ညွန့် (စိန်မိုက်ကယ်) ကျောင်းသားဟောင်း
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဗညားဒလလမ်း၊ အမှတ် ၄၀၂ (အေ)နေ ဦးလှထွန်း(အလက-၃၊ တာမွေ၊အထက-၅၊မင်္ဂလာတောင်ညွန့်၊ စိန်မိုက်ကယ် ကျောင်းသားဟောင်း) သည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ၂၃-၂-၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ စိန်မိုက်ကယ် ကျောင်းသားဟောင်းများ လိုက်ပါပို့ဆောင်ကြပါရန်။ (ဗညားဒလမ်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ဦးစောဂျိုးဇက်
စိန်ထွားဂစ်တာဆိုင်(မန္တလေး)
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ ၁၂ နေ (ဦးကျင်အောင်-ဒေါ်ကြည်အေး)တို့၏သား၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊(ဃ)ရပ်ကွက်၊ နွယ်နီ ၇ လမ်း၊ အမှတ် ၃၄၅ နေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ကိုကျော်စွာနေ-နော်ရီမီဝင်း၊ မနီဝင်ဘာ၊ မောင်သက်ကိုကိုဇော်တို့၏ဖခင်၊ မောင်ကောင်းလင်းနေကြည်၏ အဘိုးသည် ၂၃-၂-၂၀၀၄ရက် နံနက် ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှ (ဟင်္သာတ)
လက်ထောက်ကထိက(ငြိမ်း)၊ သမိုင်းဌာန
အသက်(၄၉)နှစ်

ဟင်္သာတမြို့၊ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်းနေ (ဦးမောင်အေး)-ဒေါ်မြတင်တို့၏သမီးကြီး၊ (ဦးသန်းတင်-ဒေါ်လှရင်)တို့၏တူမ၊ ရန်ကုန်မြို့၊ အမှတ် ၁၅ (ငါးလွှာ)၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးကြည်ဝင်း(ကထိက၊ ငြိမ်း၊ ရုပဗေဒဌာန)၏ဇနီး၊ မသိုက်သိုက်၊ ကိုခင်မြင့်၊ ကိုရွှေဝင်း-မရင်မြင့်၊ကိုဝင်းရွှေ၊ကိုသိန်းတန်၊ ကိုသိန်းထွန်း-မနော်အားမေ၊ မမြင့်မြင့်တို့၏အစ်မသည် ရန်ကုန်မြို့ ဗဟိုစည်အထူးကုဆေးခန်း၌ ၂၃-၂-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (စမ်းချောင်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးသန်းထွန်း
အမှုတွဲထိန်း(ငြိမ်း)
အသက်(၇၁)နှစ်

ပဲခူးမြို့၊ အမှတ် ၉၄၃၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် ၄ လမ်းနေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်အမှတ်(၆၀၇)သည် ၂၂-၂-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ရက်တွင် ပဲခူးမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းမြင့် (ထားဝယ်)
(မိုးကုတ်ယောဂီ)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ် ၄၊တိုက်အမှတ် ၁၃၀/၃ နေ (ဦးအဖိုး-ဒေါ်သိန်းငွေ)တို့၏သမီး၊ ဦးထူးညွန့်၏ဇနီး၊ မသင်းသင်းဦး (အလက-၂၊ သင်္ဃန်းကျွန်း၊ ငြိမ်း)၊ ကိုကျော်ဇေယျ-မသင်းသင်းနု(မြို့တော်စည်ပင်/ထုတ်လုပ်ရေးဌာန)၊ ကိုအောင်ဝင်း-မသင်းသင်းညွန့်၊ ဒေါက်တာသင်သင်းဌေး(သံတွဲဆေးရုံ)၊ကိုသက်ဦး၊ မသင်းသင်းယုတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၂-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူးပြီး ၂၈-၂-၂၀၀၄ ရက် (စနေနေ့) တွင် နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်၌ ရက်လည် ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်အောင်သူရ
(အလုံ)
အသက်(၂၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ် ၁၂၆ (မြေညီထပ်)နေ (ဦးသန်းကြွယ်-ဒေါ်ကျင်စိန်)၊ ဒေါ်ရီတို့၏မြေး၊ ဦးမောင်ဝင်း-ဒေါ်နွယ်နီတို့၏မြေး၊ [ဦးရောဘတ်သန်းကြွယ်(ခ) ဦးဖိုးထူး]-ဒေါ်ခင်ခင်ဝင်းတို့၏ သား၊ မခင်မျိုးထွဋ်(SAE MEPE၊ ရုံးချုပ်)၏မောင်၊ မခင်သူဇာ(3rd Yr Eco, UDE)၏ အစ်ကို၊ ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နေ မသန်းသန်းဝါ၏ခင်ပွန်းသည် ၂၃-၂-၂၀၀၄ရက် ၀၄း၂၅ နာရီတွင် မြောက်ဥက္ကလာ(ဝေဘာဂီ) ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်စန်းလွင်
(ဘက်ရဲ-ကြံခင်းမြို့နယ်)
အသက်(၇၂)နှစ်

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးဘအေး- ဒေါ်အေးကြည်)တို့၏သမီး၊ ဦးသောင်းရွှေ၏ဇနီး၊ ဘက်ရဲမြို့နေ ဦးခင်မောင်သောင်း-ဒေါ်ခင်စန်း၊ ဦးတိုးလွင်၊ ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးနိုင်-ဒေါ်စောမိုမို၊ မသက်သက်လွင်(အလပြ၊ ငြိမ်း)တို့၏မိခင်၊ ဦးတင့်ဆွေ-ဒေါ်အုန်းမေ (ဘက်ရဲ၊အုတ်ပုံ)တို့၏ညီမ၊ ဦးသန်းဆွေ-ဒေါ်တင်နွဲ့(တရုပ်မှော်)၊ ဦးဖေဆန်း-ဒေါ်ကြည်စိန်(မြန်အောင်)၊ ဦးဖေဝင်း-ဒေါ်သောင်းရီ(ဘက်ရဲ)တို့၏ အစ်မ၊ မဝင်းလတ်လတ်ဦး(B.Ed)၊ မခိုင်ရည်သော်(အထက၊ဘက်ရဲ)၊ မောင်ကြည်လွင်ကို (အထက၊ဘက်ရဲ)၊ မောင်ဝေယံထက်နိုင်(အလက-၁၊ဒဂုံ)၊ မောင်မြင့်သူကောင်းနိုင်(အလက-၁၊ဒဂုံ)၊ မသင်းဝတ်ရည်သော်တို့၏အဘွားသည် ၂၂-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဘက်ရဲမြို့ နေအိမ်မှ ဘုရားရှစ်ဆူသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ တန်ဆောင်း၊ရေတွင်း၊ရေကန်၊ နတ်လမ်းဒါယိကာမကြီး
ဒေါ်ရင်ရင်
(ကမ်းနားဈေး)
(ပွဲန်တန်ဆာ၊ ဆိပ်ပြန့်ကြီး)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂ ဂျီ (လေးလွှာ)၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးဖိုးအောင်-ဒေါ်သင်းလှိုင်)တို့၏ ဒုတိယသမီး၊ ဒေါ်စိန်တင်၏ညီမ၊ ဒေါ်ခင်ခင်၊ ဒေါ်စန်းစန်းနု၊ ဦးစိန်ဝင်းတို့၏ အစ်မ၊ (ဦးစိန်ပေါ)၏ဇနီး၊ ဦးထင်အောင်၊ ဦးသန်းထွဋ်၊ ဒေါ်ဥမ္မာ (အလက-၂၊ လှိုင်သာယာ)တို့၏မိခင်သည် ၂၃-၂-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်လှရီ
အသက်(၇၂)နှစ်

ခရမ်းမြို့နေ (ဦးဖေကွန့်-ဒေါ်အေးကြိုင်)တို့၏သမီး၊ ဦးမင်းဇော်-(ဒေါ်လှလှမြင့်၊ ငွေကြေးစည်မှန့်တိုက်၊ ပြင်ဦးလွင်)တို့၏ညီမ၊ ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ ခြံအမှတ် ၁၈နေ (ဦးမြသိန်း)၏ဇနီး၊ ဦးနိုင်အောင်(ဦးစီးမှူး၊ မုံးချောင်းစီမံကိန်း၊ဆ/မ)-ဒေါ်မေမေခင်၊ ဦးလှိုင်အောင်(ခ)ဦးပိုင်-ဒေါ်ဌေးကြည်(ငွေနှင်းဖြူထမင်းဆိုင်)၊ ဦးခင်ကြည်-ဒေါ်သန်းသန်းအေး၊ ဦးဟန်စိန်၊ ဦးသက်ထွေး-ဒေါ်ညွန့်အေးစိုး (ဖီလင် စားသောက်ဆိုင်)၊ ဦးအုန်းသွင်၊ ဦးကျော်မင်း-ဒေါ်စန္ဒာဝင်းတို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၀၄ ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ယဉ်သိန်း
(B.A, His)
အလပြ၊ မြို့မ၊ အလက (ရသေ့တောင်မြို့)
အသက်(၄၄)နှစ်

ရသေ့တောင်မြို့၊ အရှေ့တောင်ရပ်ကွက်နေ ဦးဝင်းစိန်အောင်(ဆရာကြီး၊ ငြိမ်း)-ဒေါ်မစံညိုတို့၏သမီး၊ဦးဦးစံရှား-ဒေါ်မညွန့်ခင်၊ ဦးခင်သန်းမောင်-ဒေါ်မသိန်းလှိုင်တို့၏ညီမ၊ ဒေါ်ခင်စောနု၊ ဦးသာအေးမောင်-ဒေါ်ကြည်ကြည်သန်း၊ ကိုမောင်ခင်ဝင်း၊ မသန်းရီ၊ မခင်လှတို့၏ အစ်မ၊ တူ တူမ ၁၂ ယောက်တို့၏ အဒေါ်သည် ၂၃-၂-၂၀၀၄ရက် နံနက် ၆း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဆေးရုံကြီးမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
သိက္ခာတော်ရ
ဆရာဦးလှသန်း
အသက်(၈၇)နှစ်

ပေါင်းတလည်၊ ပန်းပြင်ခွေးရဲရွာနေ (ဦးစံမင်း-ဒေါ်မိလေး)တို့၏ သား၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူမောင်လမ်း၊ အမှတ် ၉၊ အခန်း ၁၀ နေ (ဒေါ်ဆန်းကြိုင်)၏ခင်ပွန်း၊ မန်းသာလှမင်း-(ဒေါ်ဘီခွပ်ရှောင်)၊ (ဦးထွန်းလှဝင်း)- ဒေါ်စန်းတင့်၊ ဒေါ်စန်းလှမြင့်-မန်းကျော်လှအေး၊ဦးဘလှမြင့်၊ဒေါ်သန်းသန်းဌေး၊ ဦးလှဝင်းမြင့်-ဒေါ်လှအုံးမယ်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ခရစ်တော်၏အသင်းတော်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ဝင်း(ခ)
ဒေါ်ဝင်းကြည်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်း၊ သုခလမ်း၊ အမှတ်၄၉(လေးလွှာ) နေ (ဦးဘအောင်-ဒေါ်ညွန့်)တို့၏ သမီးငယ်၊ (ဦးဝိုင်း-ဒေါ်အန်)တို့၏ သမီးချွေးမ၊ ဦးမြင့်စိုး-ဒေါ်ရီမိ၊ ဦးအုံးခိုင်-ဒေါ်အေးမြင့်၊ ဦးချာလီချီးယား-ဒေါ်နုနုရင်၊ ဒေါ်ကေတီချီးယား တို့၏ ညီမ၊ ဦးအောင်ဖြိုးထွန်း-ဒေါ်လီလီတို့၏အစ်မ၊ ဦးလှအောင်(ခ) ဦးဘော်ဘီချီးယား (ဂျာမန်သံရုံး)၏ ဇနီး၊ ကိုကျော်စိုးသိန်း၊ မောင်ကျော်စိုးဟိန်း (VIII-C၊ထ-၁၊ တာမွေ)တို့၏မိခင်သည် ၂၂-၂-၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ဝင်း(ခ)
ဒေါ်ဝင်းကြည်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သုခလမ်း၊ အမှတ် ၄၉ (လေးလွှာ)နေ (ဦးဘအောင်-ဒေါ်ညွန့်)တို့၏ သမီးငယ်၊ (ဦးဝိုင်း-ဒေါ်အန်)တို့၏ သမီးချွေးမ၊ (ဦးသိန်းကြွယ်)-ဒေါ်ခင်သန်း၊ (ဦးမောင်ညို)-ဒေါ်သန်း၊ (ဦးဝင်းမောင်-ဒေါ်ဖွားစိန်)၊ ဦးထွန်းမြင့်-ဒေါ်ဝင်းမြင့်၊ ဦးအောင်မြင့်-ဒေါ်သန်းရွှေ၊ ဦးနေဝင်း- ဒေါ်မြင့်မြင့်ကြည်တို့၏ညီမ၊ ဦးစိုးသိန်း-(ဒေါ်သန်းဝင်း)တို့၏ အစ်မသည်၂၂-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဖေ
(အောင်လံမြို့)
အသက်(၈၅)နှစ်

အောင်လံမြို့နေ (ဦးပိုက်-ဒေါ်ကြည်)တို့၏သား၊ (ဦးစော-ဒေါ်လှိုဝ်)တို့၏သားသမက်၊ (ဦးကြင်မလှော-ဒေါ်အေးရွှေ)တို့၏ညီ၊ အမှတ် ၆၂၊ မန္တလေးလမ်း၊ကန်တော်ကလေးရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်သန်း၏ခင်ပွန်း၊ ဒေါက်တာဝင်းအောင်-မလှမြတ်သွယ်၊ ဒေါက်တာခင်မာတင်-ဦးခင်မောင်ချို(M.O.G.E)၊ မခင်ဌေးတင် [အမှတ်(၀၁) ဖွဲ့နည်းစက်၊ လှိုင်]-ဦးမြင့်ထူး(စစစ)၊ ဒေါက်တာမာလာတင် (မြောက်ဥက္ကလာပဆေးရုံ)၊ မခင်နန်းတင်တို့၏ဖခင်၊ ဗိုလ်လောင်း ကျော်သူရိန်အောင်(Final Civil D.S.T.A)၊ ဗိုလ်လောင်းဝေယံထက်အောင် (Final Part-1, DSMA)၊ မမေဖြိုးသွယ် (အထက-၂၊ ဒဂုံ)၊ မမေမိုးသူ(အထက-၄၊ တာမွေ)တို့၏အဘိုးသည် ၂၂-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်မြိုင် (ရွှေဦး)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ အမှတ် ၁၈၊ ဦးပုညလမ်းနေ ဦးငွေညွှန့်၏ဇနီး၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၇၊ အခန်း ၁၅၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးဝင်းတင့်-ဒေါ်ချိုချို(ဝင်းတင့်နှင့်ညီများ တံဆိပ်ရိုက်လုပ်ငန်း)၊ ဦးဝင်းဆင့်-မစန်းစန်းအေး(မြင့်မြတ်သူ တံဆိပ်ရိုက်လုပ်ငန်း)တို့၏မိခင်၊ မဝင်းဝင်းမော်၊ မောင်ဝင်းထွန်း၊ မောင်အောင်ထိုက်၊မောင်အောင်ဝင်းထွန်းတို့၏ အဘွားသည် ၂၂-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှထွန်း
အတွင်းရေးမှူး
မုံလယ်တောရမဇ္ဈိမရိပ်သာ
အသက်(၅၇)နှစ်

အမှတ် ၄၀၂(အေ)၊ဗညားဒလလမ်း၊ ကျောက်မြောင်းနေ ဒေါ်ခင်မေစီ၏ ခင်ပွန်းသည် ၂၃-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ မုံလယ် ယောဂီများအားလုံး လိုက်ပါပို့ဆောင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

မုံလယ်ဝေယျာဝစ္စအဖွဲ့။

မမြင့်မြင့်တင်
ရန်ကုန်မြို့တော်စည်ပင်သာယာ၊ ဗဟိုကုန်ရုံ(ငြိမ်း)
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၄)ရပ်ကွက်၊ကန်သာယာလမ်း၊အမှတ် ၈၁၅ နေ ဦးတင်ဦး(ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာ)-(ဒေါ်သန်းမြင့်)-ဒေါ်မေမေထွန်း(မီးအာမခံဌာန)တို့၏သမီး၊ဒေါ်မြင့်မြင့်ဦး(ကထိက၊ သတ္တဗေဒဌာန၊ဒဂုံတက္ကသိုလ်)၊ ဗိုလ်မှူးတင်မောင်သန်း (ဒုတိယတပ်ရင်းမှူး)-ဒေါ်ပြုံးပြုံးထွန်းတို့၏ညီမ၊ ကိုတင်မောင်မြင့်၊ ကိုတင်မြင့်ထွေးတို့၏ အစ်မ၊ (ကိုအောင်နိုင်)၏ဇနီး၊ မအိသဥ္စာဦး (စတုတ္ထတန်း-ဘီ၊ အထက-၂၊ ဒဂုံ)၏ မိခင်၊ တူ တူမ နှစ်ယောက်တို့၏အဒေါ်သည် ၂၃-၂-၂၀၀၄ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်) နှင့် အနီးစခန်းလေ့လာ၍ကျွန်းစစ်ဆေး အဖြစ်များသောရောဂါများကိုသုတေသနပြုလုပ်ရာ၌အလေးထားသင့်သည့်အချက်များဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊

စာမျက်နှာ ၈ ကော်လံ ၁ ✱

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ပုံစံငယ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုကြိုဆိုထောက်ခံ မူဝါဒလမ်းစဉ်များအောင်အောင်မြင်မြင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင်တာဝန်ကျေပွန်စွာထမ်းဆောင်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်ပြည်သစ်ပါတီမှ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ထောမွန်၊ ဒုတိယဥက္ကဋ္ဌ(၂) နိုင်ရော့စနှင့်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်သစ်ပါတီမှ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ထောမွန်၊ ဒုတိယဥက္ကဋ္ဌ(၂) နိုင်ရော့စနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖြူးချောင်းရေကိုတောင်ဖောက်ပြီးရေလွှဲမည့်ဖြူးရေလှောင်တမံ အကျိုးပြုဧက ၁၂၀၀၀ နှင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်မည်

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်
ဓာတ်ပုံမှတ်တမ်း–မောင်အော်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သည့် ပဲခူးတိုင်း ဖြူးမြို့နယ်တွင် ဖြူးချောင်းကိုပိတ်၍ ဖြူးရေလှောင်တမံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဖြူးချောင်းတမံဘက်စုံစီမံကိန်းကို တည်ဆောက်ရေး(၄)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ဒေသစိမ်းလန်းစိုပြည်ရေး

မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ပေါများကြွယ်ဝသည့် ရေသယံဇာတများကို ဖော်ထုတ်အသုံးပြုခြင်းဖြင့် စပါးသီးနှံ အပါအဝင် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကိုရှေးရှု၍ ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာများ ဖော်ပြသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သင်ခန်းစာများကို ၂၅-၂-၂၀၀၄ ရက်မှစ၍ နေ့စဉ်ဖော်ပြသွားမည် ဖြစ်ပါသည်။ (မြန်မာ့အလင်း)